


# 2018-2019 CITIZEN'S BUDGET CHIN STATE



## ချင်းပြည်နယ်၏ ၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ

























# ဥယျောဇဉ်

ချင်းပြည်နယ်အစိုးရက ဘတ်ဂျက်ရေးဆွဲခြင်းနှင့် မူဝါဒချမှတ်ခြင်းတွင် ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုကို မြှင့်တင်အားပေးနိုင်ရေးအတွက် သတင်းအချက်အလက်မျှဝေခြင်းမှာ အရေးကြီးသည်ကို ယုံကြည်ပါသည်။ ထို့အတွက် မဲဆန္ဒရှင်ပြည်သူများ၏ ပွင့်လင်းမြင်သာသော၊ အဓိပ္ပာယ်ပြည့်ဝသောအသံများ၊ အကြံပြုချက်များကို လက်ကမ်းကြိုဆိုလို၍ ဤရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာစာစောင်ဖြင့် ချင်းပြည်နယ်အစိုးရ၏ မူဝါဒများ၊ ဦးစားပေးကဏ္ဍများနှင့် ဘဏ္ဍာငွေ အရ/အသုံးအစီအစဉ်များ၊ ငွေလုံးငွေရင်းအသုံးစရိတ်များကို ထုတ်ဝေအသိပေးခြင်းဖြစ်ပါသည်။ ထိုကဲ့သို့ ပြည်သူ့အသံများ၊ အကြံပြုမှုများကို နားထောင်၍ နောင်လာမည့်ဘဏ္ဍာနှစ်များအတွက် ဘတ်ဂျက်ရေးဆွဲရာတွင် ပိုမို အကျိုးရှိစေရန်၊ ပြည်သူလူထုလိုလားသည်များနှင့် ပိုမိုကိုက်ညီစေရန် ရည်ရွယ်ပါသည်။ ချင်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်၏ ပထမဆုံးအကြိမ်ရသုံးခန့်မှန်းခြေငွေစာရင်းစာစောင်ကို ယခု ၂၀၁၈ – ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ နှစ်စဉ်ထုတ်ဝေ၍ ဒေသခံ ပြည်သူများနှင့် ပိုမို ထိတွေ့မှုရှိပြီး ပြည်သူများ သိရှိလိုသည်များ၊ စိတ်ဝင်တစား ရှိမှုများနှင့် ပိုမိုပွင့်လင်းမြင်သာစေလိုသည့်ဆန္ဒများကို ဖြည့်ဆည်းပေးရန် လေးလေးနက်နက် ရည်မှန်းဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူ့အတွက်ရည်ရွယ်သည့် ဤရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာစာစောင်များတွင် ၂၀၁၈ – ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ချင်းပြည်နယ်၏ မေခရိုစီးပွားရေးအခြေအနေများ၊ ဘတ်ဂျက်ကိန်းဂဏန်းအချက်အလက်များ၊ ရငွေမျှော်မှန်းချက်များနှင့် ဘဏ္ဍာရငွေရှာဖွေရရှိသည့် နည်းလမ်းများ၊ အစိုးရအသုံးစရိတ်လျာထားချက်များ၊ ဌာနကြီးများ၏ အသုံးစရိတ်များ၊ မြို့နယ်အလိုက် ရင်းနှီးမြှုပ်နှံမှု ငွေလုံးငွေရင်းအသုံးစရိတ်များ စသည်တို့ကို ရှင်းလင်းဖော်ပြထားပါသည်။ ယခုစာစောင်က ဘတ်ဂျက်ဆိုင်ရာကိန်းဂဏန်းအချက်အလက်များအပြင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များအကြား လုပ်ငန်းတာဝန်များနှင့် ဘဏ္ဍာငွေရှာဖွေဖြည့်ဆည်းနိုင်မှုတို့ကို ပိုင်းခြား စည်းသပ်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၁၊ ၂ နှင့် ၅ တို့ကိုလည်းကောင်း၊ ပြည်နယ်ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ဘတ်ဂျက်စက်ဝန်းကိုလည်းကောင်း တင်ပြထားသည့်အတွက် စီမံကိန်းနှင့်ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းစဉ်တွင် ပြည်သူပါဝင်နိုင်မှုကို အထောက်အပံ့ဖြစ်စေမည်ဖြစ်ပါသည်။

အနာဂတ်တွင် ပြည်သူ့ဘဏ္ဍာရေးဆိုင်ရာအချက်အလက်များ၊ အသိအမြင်များ ပံ့ပိုးပေးထားသည့် ဒေသခံ ပြည်သူများက ချင်းပြည်နယ်၏ စီမံကိန်းနှင့် ဘတ်ဂျက်ပြင်ဆင်ရေးဆွဲခြင်းများတွင် ပါဝင်အကြံပြုနိုင်လိမ့်မည်ဟု မျှော်မှန်းပါသည်။ အရေးပါသည့် ဘဏ္ဍာရေးလုပ်ငန်းစဉ်တွင် ချင်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာစာစောင်များကို စတင်ထုတ်ဝေခြင်းက ချင်းပြည်နယ်အစိုးရအဖွဲ့၏ ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေး၊ တာဝန်ခံမှု၊ တာဝန်ယူမှုရှိရေးနှင့် ပြည်သူလူထု၏ပါဝင်နိုင်မှုစသည့် တန်ဖိုးများအပေါ် အလေးထားသည်ကို ညွှန်ပြနေပါသည်။ ချင်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်ဘတ်ဂျက်သည် ဒေသတွင်း ပြည်သူလူထု၏ကောင်းကျိုးကို အမှန်တကယ် ဖြည့်စွမ်းပေးနိုင်ရမည်ဟု ယုံကြည်ဆောင်ရွက်လျက်ရှိပါကြောင်း ဥယျောဇဉ်စကား ပါးအပ်ပါသည်။

ဆလိုင်းလျန်လွယ်
ဝန်ကြီးချုပ်
ချင်းပြည်နယ်အစိုးရအဖွဲ့

ရက်စွဲ။ ။၂၀၁၉ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၅ ရက်။

* မြို့နယ်အလိုက် ငွေလုံးငွေရင်းအသုံးစရိတ်ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို ချင်းပြည်နယ် စီမံကိန်းရေးဆွဲရေး ဦးစီးဌာနက ပံ့ပိုးပါသည်။

* ဖတ်ရှုရလွယ်ကူစေရန် ကိန်းဂဏန်းများကို အနီးစပ်ဆုံးကိန်းပြည့်များယူထားသည့်အတွက် အချို့ကိန်းဂဏန်းများ၏ ပေါင်းခြင်းသည် စုစုပေါင်းတန်ဖိုးနှင့် အနည်းငယ်ကွဲလွဲခြင်း၊ ရာခိုင်နှုန်း အနည်းငယ်ကွဲလွဲခြင်းများ ရှိနိုင်ပါသည်။

# မာတိကာ

စာမျက်နှာ


**ပြည်သူ့အတွက် ရသုံးခန့်မှန်းခြေငွေစာရင်းစာစောင် မိတ်ဆက်** ၁

**ဝေါဟာရအဓိပ္ပာယ်ရှင်းလင်းချက်များ** ၂

**မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း** ၄

**ဘဏ္ဍာရေးမူဝါဒ** ၅

**အခန်း (၁) ချင်းပြည်နယ်အစိုးရ၏ လုပ်ငန်းတာဝန်များနှင့် ဦးစားပေးမူဝါဒများ** ၆

၁.၁ ချင်းပြည်နယ်အစိုးရ၏ လုပ်ငန်းတာဝန်များ ၆

၁.၂ ချင်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းပါ ဝန်ကြီးဌာနများ နှင့် ဌာန၊ အဖွဲ့အစည်းများ ၇

၁.၃ ချင်းပြည်နယ်၏ ဦးတည်မျှော်မှန်းချက်၊ မူဝါဒနှင့် ရည်မှန်းချက်များ ၈

**အခန်း (၂) ဘတ်ဂျက်လုပ်ငန်းစဉ်နှင့် ဘက်ဂျက်စက်ဝန်း** ၉

၂.၁ ဘတ်ဂျက်လုပ်ငန်းစဉ်နှင့် ပွင့်လင်းမြင်သာမှုစာစောင်များ ၉

၂.၂ ဘတ်ဂျက်ပြင်ဆင်ရေးဆွဲခြင်းလုပ်ငန်းစဉ် ပြက္ခဒိန် ၁၀

**အခန်း (၃) ချင်းပြည်နယ်၏ မေခရိုစီးပွားရေးအခြေအနေ** ၁၁

၃.၁ ပြည်နယ်၏ စီးပွားရေးအချက်အလက်များ ၁၁

၃.၂ ပြည်နယ်၏ ဘတ်ဂျက်ဆိုင်ရာအချက်အလက်များ ၁၃

၃.၃ အစိုးရဘတ်ဂျက်နှင့် စီးပွားရေး ၁၄

**အခန်း (၄) ချင်းပြည်နယ်ဘတ်ဂျက် ဘဏ္ဍာရငွေများ** ၁၅

၄.၁ ချင်းပြည်နယ်အစိုးရက မည်သည့်ရငွေများ ရရှိပါသနည်း။ ၁၅

၄.၂ ချင်းပြည်နယ်၏ ကိုယ်တိုင်ရှာဖွေရငွေများ ၁၆

၄.၃ ပြည်ထောင်စု လွှဲပြောင်းထောက်ပံ့ငွေမှ ရငွေများ ၁၇

**အခန်း (၅) ချင်းပြည်နယ်ဘတ်ဂျက် အသုံးစရိတ်များ** ၂၀

၅.၁ ချင်းပြည်နယ်အစိုးရက မည်သည့်အသုံးစရိတ်များ သုံးစွဲပါသနည်း။ ၂၀

၅.၂ ပြည်နယ်ဘတ်ဂျက်တွင် ကဏ္ဍအလိုက် ပါဝင်မှုရာခိုင်နှုန်း ၂၁

၅.၃ သာမန်အသုံးစရိတ် နှင့် ငွေလုံးငွေရင်းအသုံးစရိတ် ၂၁

**ပြည်ထောင်စုဘတ်ဂျက်မှ ချင်းပြည်နယ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ်များ** ၂၅

**နိဂုံးချုပ်အမှာစကား** ၂၈

# ပြည်သူ့အတွက် ရသုံးခန့်မှန်းခြေငွေစာရင်းစာစောင်မိတ်ဆက်

## ဤစာစောင် ထုတ်ဝေရခြင်း၏ ရည်ရွယ်ချက်

အစိုးရတစ်ရပ်၏ ပြည်သူ့ရေးရာဝန်ဆောင်မှုနှင့် လမ်း၊ တံတားစသည့် အခြေခံအဆောက်အအုံဆိုင်ရာ အသုံးစရိတ်များအတွက် ဘတ်ဂျက်သည် မရှိမဖြစ်လိုအပ်ပေသည်။ ထို့အတွက်ကြောင့် အစိုးရဘတ်ဂျက်သည် အဓိကကျသည့် မူဝါဒလမ်းညွှန်ချက်တစ်ရပ်ဟုလည်း ဆိုနိုင်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတက်မှုအတွက် အခရာကျလှပါသည်။ စီမံကိန်းများကို စနစ်တကျ စိစစ်ရေးဆွဲခြင်းနှင့် ဘတ်ဂျက်များကို ထိရောက်စွာ အကောင်အထည်ဖော်ခြင်းသည် ပြည်သူ့အတွက် အကျိုးဖြစ်ထွန်းစေမည့် အပြောင်းအလဲများဖြစ်စေရေးအတွက် အခြေခံကျလှပါသည်။

ကောင်းမွန်သည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုတွင် ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှု၊ အစိုးရတာဝန်ယူ၊ တာဝန်ခံခြင်းရှိမှုနှင့် ပြည်သူလူထု၏ ဘတ်ဂျက်ရေးဆွဲရာတွင် ပါဝင်ခွင့်ရမှုတို့မှာ အရေးကြီးသည့်အချက်များ ဖြစ်ပါသည်။ အထူးသဖြင့် ဒေသခံပြည်သူများနှင့် နီးကပ်စွာ မျက်နှာမူထားရသည့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအနေဖြင့် ပြည်သူ့ရေးရာ ဘဏ္ဍာငွေပွင့်လင်းမြင်သာမှုရှိရန်မှာ ပို၍ပင် အရေးကြီးလှပါသည်။ ထို့ကြောင့် ပြည်သူ့အတွက်ရည်ရွယ်ထုတ်ပြန်သည့်ယခုစာစောင်တွင် ရသုံးခန့်မှန်းခြေငွေစာရင်းကို မည်သည်တို့ ထည့်သွင်းရေးဆွဲသည်၊ မည်သို့ အကောင်အထည်ဖော်ဆောင်ရွက်သည်နှင့်စပ်လျဉ်းသည့် အရေးပါသည့် အဓိကအချက်များကို ရှင်းရှင်းလင်းလင်းဖြင့် ကျစ်လစ်ပြည့်စုံအောင် ဖော်ပြနိုင်ရန် ရည်ရွယ်ဖော်ပြထားပါသည်။ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို နားလည်သဘောပေါက်လာသည့် ပြည်သူလူထုနှင့် အစိုးရလက်တွဲခြင်းဖြင့် အစိုးရကို ပို၍ တာဝန်ခံမှုရှိစေမည်ဖြစ်ပြီး၊ ၎င်းအချက်မှာ ကျွန်ုပ်တို့အစိုးရက အားကောင်းလာရန် မျှော်မှန်းထားသည့် အပြန်အလှန်ဆက်ဆံရေးဖြစ်ပါသည်။ ချင်းပြည်နယ်အစိုးရအနေဖြင့် ပြည်သူများ၏ပါဝင်မှုကို တံခါးဖွင့်ကမ်းလင့်ကြိုဆိုသည့် အခြေအနေကောင်းများ ဖန်တီးပေးရန် တာဝန်ခံထားသည့် အစိုးရနှင့် သတင်းအချက်အလက်များ ပံ့ပိုးပေးထားသော၊ ပါဝင်နိုင်ခွင့်ပေးထားသော မဲဆန္ဒရှင်ပြည်သူများအကြား လူမှုပဋိညာဉ် ခိုင်မာအားကောင်းစေရန် ကတိကဝတ်ထားရှိပါသည်။

ပြည်နယ်ဘတ်ဂျက်အတွက် ပထမဦးဆုံးအကြိမ်အဖြစ် ရသုံးခန့်မှန်းခြေငွေစာရင်းစာစောင် ထုတ်ပြန်ရခြင်းမှာ ချင်းပြည်နယ်အစိုးရ၏ ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှု ပိုမိုကောင်းမွန်လာစေရန်အတွက်သာမက အစိုးရ၏ ပြည်သူ့အပေါ်တွင် စွဲမြဲစွာထားရှိသည့် ကတိကဝတ်ခိုင်မြဲမှုကို ထင်ဟပ်စေပါသည်။ ပြည်သူများ၏ လိုအပ်ချက်များကို ပို၍ ကောင်းမွန်စွာ ဖြည့်စွမ်းပေးနိုင်မည့် တရားမျှတမှုရှိသော၊ အားလုံးပါဝင်နိုင်သော ဘတ်ဂျက်နှင့် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်မှု လုပ်ငန်းစဉ်တွင် ပြည်သူများပါဝင်နိုင်စေရန်နှင့် သိရှိထိုက်သည်များကို နားလည်နိုင်စေရန် ယခုစာစောင်မှ ပံ့ပိုးပေးနိုင်မည်ဟု မျှော်မှန်းပါသည်။

# ဝေါဟာရ အဓိပ္ပာယ် ရှင်းလင်းချက်များ

## ရသုံးခန့်မှန်းခြေငွေစာရင်း

အစိုးရ၏အသုံးစရိတ်၊ ရငွေ၊ ပိုငွေ/လိုငွေ နှင့် ကြွေးမြီတို့အပါအဝင် ဘဏ္ဍာရေးဆိုင်ရာအစီအစဉ်များကို ပြည့်ပြည့်စုံစုံဖော်ပြထားသည့် ထုတ်ပြန်ချက်ဖြစ်ပါသည်။ အစိုးရ၏မူဝါဒ ရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်သူ့ဘဏ္ဍာများကို မည်သို့အသုံးပြုရန် စီမံထားသည်ကို ဖော်ပြထားသည့် အစိုးရတစ်ရပ်၏ အဓိကကျသော စီးပွားရေးမူဝါဒဆိုင်ရာ မှတ်တမ်းတစ်ရပ် ဖြစ်ပါသည်။ ရသုံးခန့်မှန်းခြေငွေစာရင်းကို ကြည့်ခြင်းဖြင့် အစိုးရတစ်ရပ်သည် မည်သည့်ကဏ္ဍများကို ဘဏ္ဍာရေးနှစ်အတွင်း ဦးစားပေး ဆောင်ရွက်သွားမည်ကို အလွယ်တကူသိရှိနိုင်သည်။

## ဘတ်ဂျက်စက်ဝန်း

ရသုံးခန့်မှန်းခြေငွေစာရင်းအတွက် ဆုံးဖြတ်ချက်ချရာတွင်လည်းကောင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ အဆိုပါဆုံးဖြတ်ချက်များကို ပြန်လည်ဆန်းစစ်ရာတွင်လည်းကောင်း အဓိကပါဝင်သော လုပ်ငန်းစဉ်များ ဖြစ်ပါသည်။ ပုံမှန်အားဖြင့် (က) ရသုံးခန့်မှန်းခြေငွေစာရင်းရေး ဆွဲခြင်း၊ (ခ) စိစစ် အတည်ပြုခြင်း၊ (ဂ) အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် (ဃ) စာရင်းစစ်ဆေးခြင်း ဟူ၍ လုပ်ငန်း ၄ ရပ် ပါဝင်ပါသည်။

## ဘတ်ဂျက်ခန့်မှန်းခြေ

ဘဏ္ဍာရေးနှစ်မတိုင်မီ အစိုးရ၏လုပ်ငန်းဆောင်တာများအတွက် ကြိုတင်ခန့်မှန်းထားသည့် ကုန်ကျစရိတ်များ၊ ရငွေများပါဝင်သည်။ ဘဏ္ဍာရေးနှစ်တစ်နှစ်အတွင်း အစိုးရက ကဏ္ဍအသီးသီးတွင်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ကုန်ကျစရိတ်နှင့် အခွန်ကောက်ခံရငွေအပါအဝင် ရငွေ ခန့်မှန်းချက်များ ပါဝင်ပါသည်။

## ရငွေ

အစိုးရ၏ ရငွေများဖြစ်ပြီး၊ မူဝါဒအပြောင်းအလဲနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် မူဝါဒနည်းလမ်းတစ်ရပ်ဖြစ်ပါသည်။ ရငွေများကို အဓိက အားဖြင့် (က) သာမန်ရငွေ၊ (ခ) ငွေလုံးငွေရင်းရငွေ နှင့် (ဂ) ကြွေးမြီရငွေဟူ၍ ခွဲခြားနိုင်ပါသည်။

## သာမန်ရငွေ

ပြည်နယ်၏ အခွန်အကောက်ရငွေများ၊ အခြားသာမန်ရငွေများ၊ ပြည်ထောင်စုမှ လွှဲပြောင်းထောက်ပံ့ငွေများနှင့် သာမန်အသုံးစရိတ်အတွက် ပြည်ပအကူအညီရငွေများ ပါဝင်ပါ သည်။

## ငွေလုံးငွေရင်းရငွေ

ငွေလုံးငွေရင်းရငွေတွင် မတည်ပစ္စည်းများကို ပြန်လည်ရောင်းချခြင်းမှ ရငွေများ၊ ဖျက်သိမ်းလိုက်သောဌာနအဖွဲ့အစည်းများ၏ သီးသန့်ရန်ပုံငွေများ၊ မတည်အသုံးစရိတ်မှ ပြန်လည်ရရှိငွေများနှင့် ငွေလုံးငွေရင်းအသုံးစရိတ်အတွက်ရရှိသော ပြည်ပအကူအညီရငွေများ ပါဝင်ပါသည်။

## ကြွေးမြီရငွေ

ကြွေးမြီရငွေတွင် ပြည်တွင်းမှချေးယူငွေနှင့် ပြည်ပမှချေးယူငွေမှ ရငွေများ၊ အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေများ၊ စုဆောင်းငွေများ ပါဝင်ပါသည်။

## အသုံးစရိတ်

အစိုးရအုပ်ချုပ်မှုယန္တရားလည်ပတ်ရေး၊ ပြည်သူ့ဝန်ဆောင်မှုပေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကုန်ကျစရိတ်များအတွက် အစိုးရ၏ဘဏ္ဍာရင်းမြစ်များကို ခွဲဝေသုံးစွဲခြင်းဖြစ်ပါသည်။ အသုံးစရိတ်တွင် (က) သာမန်အသုံးစရိတ်၊ (ခ) ငွေလုံးငွေရင်း အသုံးစရိတ်နှင့် (ဂ) ကြွေးမြီအသုံးစရိတ်တို့ ပါဝင်ပါသည်။

## သာမန်အသုံးစရိတ်

သာမန်အသုံးစရိတ်များမှာ ဝန်ထမ်းလစာများ၊ ပင်စင်နှင့် လုပ်သက်ဆုကြေးငွေများ၊ ပြင်ဆင်ထိန်းသိမ်းစရိတ်များ၊ ရုံးသုံးပစ္စည်းများ ဝယ်ယူခြင်းနှင့် ပြည်သူ့ဝန်ဆောင်မှုများပေးရန်အတွက် ကုန်ကျစရိတ်များစသည့် အစိုးရ၏လုပ်ငန်းများ လည်ပတ်ရန် မဖြစ်မနေသုံးရသည့် အထွေထွေ ကုန်ကျစရိတ်များကိုဆိုလိုသည်။

## ငွေလုံးငွေရင်းအသုံးစရိတ်

မော်တော်ယာဉ်၊ မြေ၊ စက်ယန္တရားများ၊ အဆောက်အအုံ နှင့် လမ်း/တံတားကဲ့သို့သော တစ်နှစ်ထက်သက်တမ်းပိုသည့် မတည်ပစ္စည်းများအတွက် ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်များ ဖြစ်ပါသည်။

## ကြွေးမြီအသုံးစရိတ်

ကြွေးမြီအသုံးစရိတ်တွင် ပြည်တွင်းကြွေးမြီ ပြန်လည်ပေးဆပ်ခြင်းအတွက် အသုံးစရိတ်၊ ပြည်ပကြွေးမြီပြန်လည်ပေးဆပ်ခြင်းအတွက် အသုံးစရိတ်များ၊ အဖွဲ့အစည်းများတွင်ရင်းနှီးငွေ (ငွေကြေးအဖွဲ့အစည်းများတွင် ရင်းနှီးမြှုပ်နှံထားမည့် အသုံးစရိတ်) များပါဝင်ပါသည်။

## ဘဏ္ဍာရေးနှစ်

ဘဏ္ဍာရေးနှစ်ကို ဘတ်ဂျက်နှစ် ဟူ၍လည်း ရံဖန်ရံခါ ဖလှယ်ခေါ်ဝေါ်သုံးစွဲပါသည်။ ဘဏ္ဍာရေးနှစ်သည် အစိုးရ၏ ဘဏ္ဍာရေးဆိုင်ရာ စာရင်းရေးသွင်းခြင်းနှင့် ဘဏ္ဍာငွေ အရ/အသုံး ရည်ရွယ်ချက်များအတွက်အသုံးပြုသည့် ကာလအပိုင်းအခြားဖြစ်ပါသည်။

## ထောက်ပံ့ငွေ

ထောက်ပံ့ငွေတွင် လှူဒါန်းပေးကမ်းခြင်း (သို့မဟုတ်) ပံ့ပိုးမှုဖြစ်စေ၊ အခါအားလျော်စွာဖြစ်စေ ထည့်ဝင်ငွေထည့်သွင်းခြင်းအားဖြင့် လက်ခံရရှိသူသို့ အပြီးအပိုင်ပေးချေသည့်ငွေများ ဖြစ်သည်။ ထောက်ပံ့ငွေကို အမျိုးအစားအားဖြင့် (က) နိုင်ငံတော်မှ ထောက်ပံ့ငွေနှင့် (ခ) ပြည်ပမှ ထောက်ပံ့ငွေ (ပြည်ပအကူအညီရငွေ) ဟူ၍ ခွဲခြားနိုင်ပြီး၊ နိုင်ငံတော်မှထောက်ပံ့ငွေတွင် နိုင်ငံတော်၏မူဝါဒအရ ထောက်ပံ့ငွေများနှင့် လုပ်ငန်းလိုအပ်ချက်အရ ဌာန၊အဖွဲ့အစည်းများကတင်ပြတောင်းခံ၍ပေးရသည့် ထောက်ပံ့ငွေများ ပါဝင်ပါသည်။

## ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု

ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုဆိုသည်မှာ ပြည်သူ့ရေးရာဝန်ဆောင်မှုများကို ထိရောက်အကျိုးရှိစွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် နိုင်ငံတော်၏ ဘဏ္ဍာရင်းမြစ်များကို စနစ်တကျ ထိန်းကြောင်းပေးသည့်စနစ်ဖြစ်ပြီး၊ ရငွေနှင့်သုံးငွေများ စီမံခန့်ခွဲမှု၊ ၎င်းနှင့် မူဝါဒများ တစ်ခုနှင့်တစ်ခုချိတ်ဆက်မှု၊ အကောင်အထည်ဖော်မှု၊ အကောင်အထည်ဖော်ဆောင်ရွက်သည့်အပေါ် တာဝန်ယူမှု၊ တာဝန်ခံမှု စသည့်ဘဏ္ဍာရေး စီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းနှင့်ကိုက်ညီမှုရှိသော ပြည်သူ့ဘဏ္ဍာရေးအခြေအနေတစ်ရပ်လုံးကို ဆိုလိုသည်။ ယင်းစကားရပ်တွင် ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းချမှတ်ခြင်း၊ ပြည်သူ့ဘဏ္ဍာငွေများကို မဟာဗျူဟာမြောက် ခွဲဝေလျာထားခြင်း နှင့် အစီရင်ခံခြင်းတို့ ပါဝင်သည်။

## စုစုပေါင်း ဒေသတွင်း ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ)

နိုင်ငံတစ်နိုင်ငံ၏ ကာလတစ်ခု (များသောအားဖြင့်  နှစ်တစ်နှစ်) အတွင်း နောက်ဆုံးထုတ်လုပ်သော ကုန်စည်နှင့်ဝန်ဆောင်မှုများ၏ စုစုပေါင်းတန်ဖိုး ဖြစ်သည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို နှစ်အလိုက် စုစုပေါင်းပြည်တွင်း(ဒေသတွင်း)ထုတ်ကုန်တန်ဖိုး အပြောင်းအလဲအပေါ် မူတည်၍ တိုင်းတာသည်။

## ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှု

အစိုးရ၏ လုပ်ငန်းဆောင်တာများနှင့် အစိုးရအဖွဲ့အစည်းများ၊ အစိုးရ၏ စီးပွားရေးနှင့်ဘဏ္ဍာရေးမူဝါဒဆိုင်ရာ ပန်းတိုင်များနှင့် ရည်မှန်းချက်များ၊ ငွေရေးကြေးရေးဆိုင်ရာ မျှော်မှန်းချက်များ နှင့် ပြည်သူ့ငွေစာရင်းများအား အများပြည်သူသိရှိစေရန် အသိပေးထုတ်ပြန်သည့် မူဝါဒလုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါ သည်။

# မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan - MSDP) သည် ငြိမ်းချမ်း၍ သာယာဝပြောသည့် ဒီမိုကရေစီဖက်ဒရယ်နိုင်ငံဖြစ်စေမည့် ကာလရှည် မျှော်မှန်းချက်ဖြစ်ပါသည်။ စစ်မှန်၍ အားလုံးပါဝင်နိုင်ပြီး အသွင်ကူးပြောင်းသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် မူဝါဒများနှင့် အဖွဲ့အစည်းများအကြား အပြန်အလှန် ညီညွတ်မှုရှိရေး ရည်ရွယ်ချက်အပေါ်အခြေခံ၍ ပြုပြင်ပြောင်းလဲမှုများအား ရှင်သန်တက်ကြွလာစေရန်နှင့် လုပ်ငန်းစဉ်များကို ရဲဝံ့စွာ ဆောင်ရွက်နိုင်ရန်အတွက် MSDP ကို ရေးဆွဲထားခြင်းဖြစ်ပါသည်။

MSDP ကို မဏ္ဍိုင် ၃ ရပ်၊ ပန်းတိုင် ၅ ခု၊ မဟာဗျူဟာ ၂၈ ခု နှင့် လုပ်ငန်းအစီအစဉ် ၂၅၁ ခု တို့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ ယင်းအချက်များအားလုံးသည် နိုင်ငံတော်၏ စီးပွားရေးမူဝါဒ ၁၂ ချက်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ၊ မဲခေါင်ဒေသတွင်း မဟာဗျူဟာမူဘောင်၊ အာဆီယံ စီးပွားရေးအသိုက်အဝန်းနှင့် အခြားသော ဒေသတွင်းကတိကဝတ် သဘောတူညီမှုများနှင့် ကိုက်ညီမှုရှိပါသည်။

## ငြိမ်းချမ်း၍ သာယာဝပြောသော ဒီမိုကရေစီ မြန်မာနိုင်ငံ

| ပန်းတိုင် (၁) | ပန်းတိုင် (၂) | ပန်းတိုင် (၃) | ပန်းတိုင် (၄) | ပန်းတိုင် (၅) |
|---|---|---|---|---|
| ငြိမ်းချမ်းရေး၊ အမျိုးသား ပြန်လည်သင့်မြတ်ရေး၊ လုံခြုံရေးနှင့် ကောင်းမွန်သော အုပ်ချုပ်မှု | စီးပွားရေး တည်ငြိမ်မှုနှင့် ခိုင်မာအားကောင်းသည့် မေခရိုစီးပွားရေး စီမံခန့်ခွဲမှု | အလုပ်အကိုင်ဖန်တီးရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဦးဆောင်သည့်ဖွံ့ဖြိုးရေး | ၂၁ ရာစု လူမှုအသိုက်အဝန်းအတွက် လူသားအရင်းအမြစ်များနှင့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး | နိုင်ငံ၏ အနာဂတ်မျိုးဆက်များအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် |
| မဏ္ဍိုင် (၁) | | မဏ္ဍိုင် (၂) | မဏ္ဍိုင် (၃) | |
| ငြိမ်းချမ်းရေး နှင့် တည်ငြိမ်မှု | | သာယာဝပြောမှုနှင့် ပူးပေါင်းဆောင်ရွက်မှု | ပြည်သူများနှင့် ကမ္ဘာမြေ | |

ပန်းတိုင်း ၅ ခုအနက် ပန်းတိုင် ၂ ဖြစ်သည့် စီးပွားရေးတည်ငြိမ်မှုနှင့် ခိုင်မာအားကောင်းသည့် မေခရို စီးပွားရေးစီမံမှုတွင် အောက်ပါ မဟာဗျူဟာ ၅ ခု ပါဝင်ပါသည် -

- နိုင်ငံခြား ငွေလဲလှယ်နှုန်း နှင့် နိုင်ငံခြား ငွေပေးငွေယူရှင်းတမ်းကို ထိရောက်စွာ စီမံခန့်ခွဲခြင်း၊
- ငွေကြေးဖောင်းပွမှုကို လျှော့ချခြင်းနှင့် ငွေကြေးတည်ငြိမ်မှုကို ထိန်းသိမ်းခြင်း၊
- မျှတ၍ ပွင့်လင်းမြင်သာပြီး စွမ်းရည်ပြည့်ဝသည့် အခွန်စနစ်ဖြင့် ပြည်တွင်းအခွန်ရရှိမှု တိုးမြှင့်ခြင်း၊
- အရင်းအမြစ်များကို တည်ငြိမ်စွာနှင့် စွမ်းရည်ပြည့်ဝစွာ ခွဲဝေနိုင်ရေးအတွက် ပြည်သူ့ဘဏ္ဍာငွေ စီမံခန့်ခွဲမှုကို အားကောင်းခိုင်မာစေခြင်း၊
- နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်ရည်နှင့် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးခြင်း၊

ဇစ်မြစ်။ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း

# ဘဏ္ဍာရေးမူဝါဒ

## အခွန်မူဝါဒ

(၁) ပြည်ထောင်စုအစိုးရက နိုင်ငံတော်နှင့်ပြည်သူအတွက် အကျိုးပြုစေမည့် အသုံးစရိတ်များကို သုံးစွဲနိုင်ရန် ရသင့်ရထိုက်သည့် အခွန်အကောက်များကို ဥပဒေနှင့်အညီ အပြည့်အဝကောက်ခံရရှိရေးကြိုးပမ်းဆောင်ရွက်ရန်။

(၂) ဈေးကွက်စီးပွားရေးစနစ်ကို အထောက်အကူဖြစ်စေမည့် နိုင်ငံတကာစံနှုန်းများနှင့် လျော်ညီသည့် အခွန်စနစ် ဖြစ်ထွန်းပေါ်ပေါက်စေရန်။

(၃) အမျိုးသားအကျိုးစီးပွား ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စားသုံးမှု၊ရင်းနှီးမြှုပ်နှံမှုနှင့် စုဆောင်းမှုတို့ကို အခွန်အကောက် စနစ်ဖြင့်ထိန်းညှိပေးရန်။

(၄) သဘာဝပတ်ဝန်းကျင်နှင့် တွင်းထွက်သံယံဇာတများ ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် အခွန်အကောက်စနစ်ဖြင့် ထိန်းကျောင်းပေးရန်။

## အသုံးစရိတ်မူဝါဒ

(၁) ပညာရေး၊ ကျန်းမာရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ်များကို ဆက်လက် တိုးမြှင့်သုံးစွဲရန်၊

(၂) ပြည်သူလူထုကို ချက်ချင်းလက်ငင်း အကျိုးပြုနိုင်သည့် အသုံးစရိတ်များကို ဦးစားပေးသုံးစွဲရန်၊

(၃) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေမည့် အသုံးစရိတ်များအား ခွဲဝေချထားရန်၊

(၄) ဖွဲ့စည်းပုံနှင့် ဝန်ထမ်းခန့်အပ်မှုများကို စနစ်တကျစိစစ်ခွင့်ပြုရန်၊

(၅) စီမံကိန်းများအား ဦးစားပေးအဆင့်ခွဲခြားပြီး လတ်တလောဆောင်ရွက်ရန် မလိုအပ်သေးသည့် စီမံကိန်းများကို ရွှေ့ဆိုင်းဆောင်ရွက်ရန်၊

(၅) ပစ္စည်းဝယ်ယူမှုများကို စနစ်တကျ စိစစ်ဆောင်ရွက်ရန်နှင့် ပြည်တွင်းကျပ်ငွေဖြင့်ဝယ်ယူနိုင်သည့် ပစ္စည်းများကို ပြည်တွင်း ကျပ်ငွေဖြင့်သာဝယ်ယူပြီး နိုင်ငံခြားငွေသုံးစွဲမှုကို တတ်နိုင်သမျှလျှော့ချရန်၊

(၆) ပြည်ပအကူအညီရငွေနှင့် ပြည်ပချေးယူရငွေများကို စိစစ်ရယူပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် အကျိုးရှိထိရောက်စွာ ခွဲဝေသုံးစွဲရန်၊

(၇) ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးတို့အတွက် တိုးမြှင့်သုံးစွဲရန်၊

# ရသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲရခြင်း၏ ရည်ရွယ်ချက်

(၁) နိုင်ငံတော်အဖွဲ့အစည်းများ၏ ရငွေနှင့်အသုံးစရိတ်တို့ကို ကြိုတင်ခန့်မှန်းချက်အရ ပေါ်ပေါက်လာမည့် ပြည်သူ့ဘဏ္ဍာရန်ပုံငွေအခြေအနေကို တင်ပြရန်၊

(၂) ပြည်သူ့ဘဏ္ဍာရန်ပုံငွေအခြေအနေကို ကြိုတင်သိရှိရသည့်အလျောက် လိုငွေပေါ်ပေါက်သည့်အခါ အချိန်မီ ဖြည့်တင်းပေးရေးအတွက် လိုအပ်သောအစီအစဉ်များ ကြိုတင်ပြုလုပ်၍ လုပ်ငန်းများ အရှိန်မပျက် လုပ်ဆောင်သွားနိုင်ရန်၊

(၃) နိုင်ငံတော်အဖွဲ့အစည်းအသီးသီးတို့၏ ရငွေနှင့်အသုံးစရိတ်အမျိုးမျိုးအတွက် စနစ်တကျ စာရင်းပြုစု ထိန်းသိမ်းနိုင်ရန်၊

(၄) အမျိုးသား စီးပွားရေးစီမံကိန်းနှင့် အမြဲတမ်းဆက်စပ်မှုရရှိစေရေးအတွက် ညှိနှိုင်း ဆောင်ရွက်ရန်၊

(၅) တိုင်းရင်းသားလူမျိုးများအားလုံး၏ စီးပွားရေးအစီအစဉ်များကို အကောင်အထည်ဖော်ရာတွင် ရသုံးခန့်မှန်းခြေငွေစာရင်းများနှင့်အညီ ဘဏ္ဍာငွေများကိုခွဲဝေပေးရန်။

# အခန်း (၁) ချင်းပြည်နယ်အစိုးရ၏ လုပ်ငန်းတာဝန်များနှင့် ဦးစားပေးမှုဝါဒများ

## ၁.၁ ချင်းပြည်နယ်အစိုးရ၏ လုပ်ငန်းတာဝန်များ

၂၀၀၈ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့်ဥပဒေပါ ဇယား ၁၊ ဇယား ၂ တို့သည် ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၏ ဥပဒေပြုရေး လုပ်ငန်းတာဝန်များကို ပိုင်းခြား ကန့်သတ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၁ က ပြည်ထောင်စုအစိုးရ၏ လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ ဇယား ၂ က တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၏ တာဝန်ဝတ္တရားများကိုလည်းကောင်း ဖော်ပြပါသည်။

တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၏ လုပ်ငန်းတာဝန်များအတွက် တစ်စိတ်တစ်ပိုင်းအားဖြင့် ဘဏ္ဍာငွေ ဖြည့်ဆည်းနိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်များကကောက်ခံရမည့် အခွန်အခများကို ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၅ နှင့် ၂၀၁၅ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့် ဥပဒေတို့ဖြင့် သတ်မှတ်ပြဌာန်းပါသည်။ ဇယား ၂ အရ ဆောင်ရွက်ရသည့် တာဝန်ဝတ္တရားများကို ဇယား ၅ အရ ကောက်ခံရသည့် အခွန်အခများဖြင့်ပြည့်မီအောင် ဘဏ္ဍာငွေ မဖြည့်ဆည်းနိုင်သည့်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများသို့ ပြည်ထောင်စုအစိုးရက လွှဲပြောင်းထောက်ပံ့ငွေများဖြင့် ဘဏ္ဍာငွေ ပံ့ပိုးပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ နှင့် ဇယား၅ ပါလုပ်ငန်းတာဝန်များအတွက် ဘဏ္ဍာရေးဆိုင်ရာအခွင့်အာဏာကိုလည်း ပေးအပ်ထားပြီး၊ အဆိုပါအခွင့်အာဏာကို တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ရသုံးခန့်မှန်းခြေငွေစာရင်းများတွင် မြင်တွေ့နိုင်ပါသည်။ ချင်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းပါ ရငွေများကို အခန်း ( ၄ ) တွင်လည်းကောင်း၊ အသုံးစရိတ်များကို အခန်း ( ၅ ) တွင်လည်းကောင်း ဆက်လက်ဖော်ပြသွားပါမည်။

> **!** တိုင်းဒေသကြီး၊ ပြည်နယ်များက စီမံခန့်ခွဲခွင့်ရှိသောကဏ္ဍများ၊ အခွန်ကောက်ခံခွင့်ရှိသည့်ကဏ္ဍများနှင့်ပတ်သက်၍ ပိုမိုပြည့်စုံစွာသိရှိလိုပါလျှင် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့်ဥပဒေများပါဇယား ၂ နှင့် ဇယား ၅ တွင် ကြည့်ရှုနိုင်ပါသည်၊

## ၁.၂ ချင်းပြည်နယ်၏ရသုံးခန့်မှန်းခြေငွေစာရင်းပါဝန်ကြီးဌာနများနှင့်ဌာန၊အဖွဲ့အစည်းများ

### ဗဟိုအဖွဲ့အစည်းများ

- ပြည်နယ်အစိုးရအဖွဲ့
- ပြည်နယ်လွှတ်တော်ရုံး
- ပြည်နယ်တရားလွှတ်တော်ရုံး
- ပြည်နယ်ဥပဒေချုပ်ရုံး
- ပြည်နယ်စာရင်းစစ်ချုပ်ရုံး

### ပြည်ထဲရေးဝန်ကြီးဌာန

- အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
- အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
- မီးသတ်ဦးစီးဌာန

### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

- စိုက်ပျိုးရေးဦးစီးဌာန
- ငါးလုပ်ငန်းဦးစီးဌာန
- မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
- သမဝါယမဦးစီးဌာန
- အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန

### သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန

- သစ်တောဦးစီးဌာန
- ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

### ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

- အားကစားနှင့် ကာယပညာဦးစီးဌာန

### စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

- စီမံကိန်းရေးဆွဲရေးဦးစီးဌာန
- ဗဟိုစာရင်းအင်းအဖွဲ့
- ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
- ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

### ဆောက်လုပ်ရေးဝန်ကြီးဌာန

- မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
- လမ်းဦးစီးဌာန

### လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

- လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း (နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်း)

### စည်ပင်သာယာရေးအဖွဲ့များ

## ၁.၃ ချင်းပြည်နယ်၏ ဦးတည်မျှော်မှန်းချက်၊ မူဝါဒနှင့် ရည်မှန်းချက်များ

ချင်းပြည်နယ်၏ ဦးတည်မျှော်မှန်းချက်၊ မူဝါဒနှင့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

### (က) ဦးတည်မျှော်မှန်းချက်

အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းများ တိုးမြှင့်ဖန်တီးပေးခြင်းဖြင့် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာနှစ်တွင် ဒေသဝမ်းစာဖူလုံပြီး ဆင်းရဲနွမ်းပါးမှုကို သိသာစွာ လျှော့ချနိုင်ရေး။

### (ခ) မူဝါဒများ -

(၁) ဒေသနှင့်ကိုက်ညီသော စိုက်ပျိုး/ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရေး၊
(၂) အခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်လာရေး၊
(၃) အသေးစားနှင့် အလတ်စားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊
(၄) လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊
(၅) သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊
(၆) ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာရေး၊
(၇) E-Government System အကောင်အထည်ဖော်ရေး၊

### (ဂ) ရည်မှန်းချက်များ -

(၁) ကုန်းမြင့်လယ်ယာများ တိုးတက်ဖော်ထုတ်ရန်နှင့် အော်ဂဲနစ်စိုက်ပျိုးရေးအပါအဝင် ဝင်ငွေရ သီးနှံများ တိုးမြှင့် စိုက်ပျိုး ထုတ်လုပ်ရန်၊
(၂) ဒေသနှင့်ကိုက်ညီသော မွေးမြူရေးလုပ်ငန်းများ ပိုမို ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ရန်၊
(၃) ပြည်နယ်အတွင်း၊ ပြည်နယ်အတွင်းနှင့်အပြင် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်နိုင်ရေး ဆောင်ရွက်ရန်၊
(၄) အိမ်တွင်းတစ်နိုင်တပိုင်နှင့် အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အားပေးမြှင့်တင်ရန်နှင့် SME မှတ်ပုံတင်ထားသောလုပ်ငန်းရှင်များနှင့် ပြင်ပပုဂ္ဂလိကလုပ်ငန်းရှင်များအား နှစ်လတ်ချေးငွေများ ထုတ်ချေးရေး ဆောင်ရွက်ရန်၊
(၅) လျှပ်စစ်ဓါတ်အားပိုမိုရရှိရေး ဆောင်ရွက်ရန်၊
(၆) သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ပိုမို ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်၊
(၇) မြို့ပြဖွံ့ဖြိုးစည်ပင်သာယာရေးလုပ်ငန်းများ ပိုမို မြှင့်တင်ဆောင်ရွက်ရန်၊
(၈) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ဆောင်ရွက်ရန်၊
(၉) ပညာရေး၊ ကျန်းမာရေးနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်၊
(၁၀) ပြည်သူများ အလုပ်လက်မဲ့လျော့နည်းပြီး ဆင်းရဲမှုလျော့ကျလာစေရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ဖန်တီးပေးရန်၊
(၁၁) ပြည်တွင်းနှင့်နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အထောက်အပံ့ များ တိုးတက်ရရှိရေး ဆောင်ရွက်ရန်နှင့် ရင်းနှီးမြှုပ်နှံလိုသူများအား ဖိတ်ခေါ်၍ ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံရေး အားပေး ဆောင်ရွက်ရန်၊
(၁၂) နယ်စပ်ကုန်သွယ်မှု ပိုမိုတိုးတက်နိုင်ရေး ဆောင်ရွက်ရန်၊
(၁၃) ချင်းပြည်နယ် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာသုတေသနလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ရန်၊
(၁၄) ချင်းပြည်နယ်၏ E-Government System အကောင်အထည်ဖော်ရေးအတွက် Web Portal၏
အဆင့် (၁) လုပ်ငန်းဖြစ်သော အစိုးရမှ ပြည်သူသို့ သတင်းအချက်အလက်များ၊ ဖြည့်စွက်ဖောင်များ၊ လုပ်ထုံးလုပ်နည်းများ ပေးအပ်သည့် စနစ် E-Government System တည်ဆောက်ရန် နှင့်
အဆင့် (၂) လုပ်ငန်းဖြစ်သော အစိုးရနှင့်ပြည်သူ၊ ပြည်သူနှင့်အစိုးရ အပြန်အလှန်ဆက်သွယ်နိုင်သော E-Government System တည်ဆောက်ရန်။

# အခန်း (၂) ဘတ်ဂျက် လုပ်ငန်းစဉ် နှင့် ဘတ်ဂျက်စက်ဝန်း

## ၂.၁ ဘတ်ဂျက်လုပ်ငန်းစဉ်နှင့် ပွင့်လင်းမြင်သာမှုစာစောင်များ

စက်ဝန်းပုံသဏ္ဍာန်အတိုင်း တစ်ဆင့်ပြီးတစ်ဆင့် ထပ်ကျော့ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်ဖြစ်ပြီး၊ အဆင့်တစ်ဆင့်ချင်းစီက နောက်တစ်ဆင့်တွင် မည်သည်ကိုဆောင်ရွက်ရမည်ကို ချိတ်ဆက်ညွှန်ပြပါသည်။ အောက်ဖော်ပြပါ လုပ်ငန်းစဉ်ပြသရုပ်ဖော်ပုံမှာ ဘတ်ဂျက်လုပ်ငန်းစဉ်များနှင့် လုပ်ငန်းစဉ်တစ်ခုချင်းစီနှင့် သက်ဆိုင်သည့် ပွင့်လင်းမြင်သာမှုစာစောင်များကို ဖော်ပြပါသည် -

**(၁) ဘတ်ဂျက်ပြင်ဆင်ရေးဆွဲခြင်း**

အစိုးရ၏ မူဝါဒဦးစားပေးများကို ဖော်ထုတ်ပြီး၊ စီမံကိန်းနှင့် ဘတ်ဂျက် မူကြမ်းတစ်ရပ်အဖြစ် ပြင်ဆင်ရေးဆွဲ ရပါသည်။

- ဘတ်ဂျက်အကြိုထုတ်ပြန်ချက်စာစောင် **(Pre Budget Statement)**
- ဘတ်ဂျက်အဆိုပြုတင်ပြချက် **(Executive Budget Proposal)**

**(၂) လွှတ်တော်အတွင်း ဆွေးနွေးခြင်းနှင့် ဘတ်ဂျက်ကို အတည်ပြုခြင်း**

မူကြမ်းရေးဆွဲထားသည့် စီမံကိန်း များနှင့် ဘတ်ဂျက်ကို ဆွေးနွေးမှုများ၊ စိစစ်သုံးသပ်မှုများ ဆောင်ရွက်ပြီးနောက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များ က အတည်ပြုပြဋ္ဌာန်းပါသည်။

- ဘတ်ဂျက်ဥပဒေ **(Enacted Budget)**
- ပြည်သူသို့ ဘတ်ဂျက်အစီရင်ခံစာ **(Citizen's Budget)**




**(၃) ဘတ်ဂျက်ကို အကောင်အထည်ဖော်ခြင်း စောင့်ကြည့်ထိန်းသိမ်းခြင်း**

ဘတ်ဂျက်ရေးဆွဲထားသည့်အတိုင်း ရငွေ ရှာဖွေခြင်းနှင့် အသုံးစရိတ်များ သုံးစွဲခြင်း တို့ဖြင့် ဘတ်ဂျက်ကို အကောင်အထည် ဖော်ခြင်း၊ စောင့်ကြည့်ကြပ်မတ်ခြင်း များကို ဆောင်ရွက်ပါသည်။

- နှစ်တွင်းအစီရင်ခံစာများ **(In-year Reports)**
- နှစ်လယ် အစီရင်ခံစာ **(Mid-year Review)**
- နှစ်ကုန် အစီရင်ခံစာ **(Year-End Report)**

**(၄) စာရင်းစစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း**

ဘတ်ဂျက်ကို အစိုးရက အဆိုပြုထားသည့် အစီအစဉ်များ၊ ကတိကဝတ်များအပေါ် သာမက ထိရောက်ကောင်းမွန်သော အသုံးစရိတ်များ ဖြစ်စေရေးကိုလည်း အကဲဖြတ်ရန် လိုအပ်ပါသည်။ ထိုအဆင့်တွင်ရရှိသည့် သင်ခန်းစာများမှာ လာမည့်နှစ် ဘတ်ဂျက် ပြင်ဆင်ရာတွင် ပံ့ပိုးနိုင်မည်ဖြစ်ပါ သည်။

- စာရင်းစစ်အစီရင်ခံစာ **(Audit Report)**

## ၂.၂ ဘတ်ဂျက်ပြင်ဆင်ရေးဆွဲခြင်းလုပ်ငန်းစဉ်ပြက္ခဒိန်

### ဇန်နဝါရီလ
- ဘတ်ဂျက်အမှာစာထုတ်ပြန်ခြင်း
- ပြည်ထောင်စုမှ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ထောက်ပံ့ငွေ အကြောင်းကြားခြင်း

### ဖေဖော်ဝါရီလ
- ပြည်နယ်ဘတ်ဂျက်ပါဌာန၊အဖွဲ့အစည်းများက ဘတ်ဂျက်အဆိုပြုချက်များတင်ပြခြင်း
- ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနက စိစစ်ခြင်း

### မတ်လ
- ပြည်နယ်အစိုးရအဖွဲ့က စိစစ်၍ ပြည်နယ်လွှတ်တော်သို့ပေးပို့ခြင်း၊
- လွှတ်တော်ကစိစစ်၍ပြန်လည်ပေးပို့ခြင်း

### ဧပြီလ
- ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (ရုံးချုပ်) သို့ ပေးပို့တင်ပြခြင်း

### မေလ
- ပြည်ထောင်စုစီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနမှ စိစစ်ခြင်းနှင့် ဒုတိယသမ္မတမှ စိစစ်ခြင်း

### စက်တင်ဘာလ
- ပြည်ထောင်စုလွှဲပြောင်းထောက်ပံ့ငွေကို အတည်ပြုခြင်း၊ အကြောင်းကြားခြင်း၊
- ပြည်နယ်လွှတ်တော်သို့ ဥပဒေကြမ်း တင်သွင်းခြင်းနှင့် အတည်ပြုခြင်း၊
- ပြည်နယ်ဝန်ကြီးချုပ်က ဥပဒေအဖြစ် လက်မှတ်ရေးထိုး ပြဌာန်းခြင်း

### ဇူလိုင်လနှင့် ဩဂုတ်လ
- ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခြင်း၊
- ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးခြင်း

### ဇွန်လ
- ဘဏ္ဍာရေးကော်မရှင် အစည်းအဝေး

ပြည်သူများပါဝင်ရေးဆွဲခွင့်ရှိသော ဘတ်ဂျက်လုပ်ငန်းစဉ်မှာ ပြည်သူ့ဘဏ္ဍာငွေများ စီမံခန့်ခွဲသည့် နည်းလမ်းတစ်ရပ်ဖြစ်ပြီး၊ အစိုးရနှင့် ပြည်သူကို တိုက်ရိုက်ထိတွေ့စေပါသည်။ ဒီမိုကရေစီလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် အဆိုပါနည်းလမ်းတွင် ရပ်ရွာအတွင်းရှိ ပြည်သူများက ပြည်သူ့ဘဏ္ဍာငွေများကို မည်သို့မည်ပုံသုံးစွဲမည်ကို တိုက်ရိုက် ပါဝင်ရွေးချယ်ကြခြင်းဖြင့် ပြည်သူ့လိုအပ်ချက်၊ လိုလားချက်များနှင့်ကိုက်ညီ၍ ထိရောက်မှုရှိသည့် အသုံးစရိတ်များ ဖြစ်စေပါသည်။ ထို့အတွက် အခွန်ထမ်းဆောင်သည့် ပြည်သူများက ၎င်းတို့၏ နေ့စဉ်ဘဝများအပေါ် သက်ရောက်မှုရှိသည့် ဘတ်ဂျက်ဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်ရာတွင် အစိုးရနှင့်အတူ လက်တွဲလုပ်ဆောင်နိုင်စေမည် ဖြစ်ပါသည်။

ဘတ်ဂျက်ပွင့်လင်းမြင်သာမှုစာစောင်များမှာ အမျိုးအစားပေါ်မူတည်၍ ဘဏ္ဍာငွေအရအသုံးဥပဒေအဖြစ် မပြဌာန်းမီ ဘတ်ဂျက်ပြင်ဆင်ရေးဆွဲထားမှုများ၊ ၎င်းဥပဒေအရ ဘဏ္ဍာနှစ်အတွင်း လျာထားသည့် ရငွေနှင့် အသုံးစရိတ်များ၊ ဘတ်ဂျက်လုပ်ငန်းစဉ်တိုင်းတွင် အစိုးရ၏ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု အခြေအနေများ၊ ဘဏ္ဍာနှစ်ကုန် စာရင်းစစ်ဆေးတွေ့ရှိချက်များ စသည့် သတင်းအချက်အလက်များကို အများပြည်သူသိရှိစေရန် ဖြစ်ပါသည်။ ဘတ်ဂျက်ပွင့်လင်းမြင်သာမှုစာစောင်များမှတဆင့် ပြည်ထောင်စု၏၊ ဒေသ၏ပြည်သူ့ဘဏ္ဍာရေး အခြေအနေများကို သိရှိနားလည်မှုများကို အခြေခံ၍ ပြည်သူများက အစိုးရဌာန တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းစဉ်တွင် ပိုမိုပါဝင်လာနိုင်စေရန် ရည်ရွယ်ပါသည်။


# အခန်း(၃) ချင်းပြည်နယ်၏မေခရိုစီးပွားရေးအခြေအနေ

## ၃.၁ ပြည်နယ်၏စီးပွားရေးအချက်အလက်များ

စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု (ဂျီဒီပီ) ဆိုသည်မှာ ဒေသတစ်ခု၌ နှစ်တစ်နှစ်အတွင်း ထုတ်လုပ်သည့် ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ စုစုပေါင်းတန်ဖိုး ဖြစ်ပြီး စီးပွားရေး အရွယ်အစားနှင့် ဖွံ့ဖြိုးတိုးတတ်မှုကို ညွှန်ပြပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတတ်စေသည့် အကြောင်းရင်း အများအပြားရှိသည့်အနက် အစိုးရ၏ ဘတ်ဂျက်နှင့် အသုံးစရိတ်တို့မှာ အရေးပါ ပါသည်။

အစိုးရက အခြေခံအဆောက်အအုံနှင့် အခြားနယ်ပယ်များတွင် တိုးမြှင့်သုံးစွဲခြင်းနှင့် ပုဂ္ဂလိကကဏ္ဍတွင် ထုတ်လုပ်မှုမြင့်တတ်ခြင်းတို့ကြောင့် ချင်းပြည်နယ်၏ ဂျီဒီပီ နှစ်စဉ်တိုးတတ်လျက်ရှိရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပုံမှန်ဈေးနှုန်းများအရ ၇.၃% တိုးတက်မည်ဟု မျှော်မှန်းပါသည်။ ပြည်နယ်အတွင်း လူတစ်ဦးကျ ပျမ်းမျှ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် ၈၅၄၅၀၈ ကျပ် ရှိမည်ဖြစ်ပါသည်။

**ပြည်နယ်၏ ဂျီဒီပီတွင် ကဏ္ဍအလိုက်ပါဝင်မှု**
**၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်၊ ပါဝင်မှုရာခိုင်နှုန်း**




| | ကျပ်သန်းပေါင်း | ပါဝင်မှုအချိုး |
|---|---|---|
| လယ်ယာကဏ္ဍကြီး | ၁၄၇၀၀၈ | ၃၃.၆% |
| လယ်ယာကဏ္ဍ | ၄၈၉၉၅ | ၁၁.၂% |
| သားငါးကဏ္ဍ | ၉၆၆၄၂ | ၂၂.၁% |
| သစ်တောကဏ္ဍ | ၁၃၇၀ | ၀.၃% |

| | ကျပ်သန်းပေါင်း | ပါဝင်မှုအချိုး |
|---|---|---|
| စက်မှုကဏ္ဍကြီး | ၁၆၀၄၄၂ | ၃၆.၈% |
| သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၂၁၂၂ | ၀.၅% |
| စက်မှုလက်မှုကဏ္ဍ | ၁၆၉၇၇ | ၃.၉% |
| လျှပ်စစ်ဓာတ်အားကဏ္ဍ | ၁၂၇၅ | ၀.၃% |
| ဆောက်လုပ်မှုကဏ္ဍ | ၁၄၀၀၆၇ | ၃၂.၁% |
| စွမ်းအင်ကဏ္ဍ | | – |


| | ကျပ်သန်းပေါင်း | ပါဝင်မှုအချိုး |
|---|---|---|
| ဝန်ဆောင်မှုကဏ္ဍကြီး | ၁၂၉၂၀၃ | ၂၉.၆% |
| ပို့ဆောင်ရေး | ၅၂၀၀ | ၁.၂% |
| ဆက်သွယ်ရေး | ၇၇၄၂ | ၁.၈% |
| ငွေရေးကြေးရေး | ၃၀၅ | ၀.၁% |
| လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၄၂၅၅၄ | ၉.၇% |
| ငှားရမ်းခနှင့်အခြား ဝန်ဆောင်မှုတန်ဖိုး | ၁၀၁၀၂ | ၂.၃% |
| ကုန်သွယ်မှုတန်ဖိုး | ၆၃၁၀၀ | ၁၄.၅% |



## ၃.၂ ပြည်နယ်၏ဘတ်ဂျက်ဆိုင်ရာ အချက်အလက်များ

**ပြည်နယ်ဘတ်ဂျက် ရငွေနှင့် အသုံးစရိတ်**

**၂၀၁၅-၂၀၁၆ မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ၊ ကျပ်သန်းပေါင်း**




> **!** ၂၀၁၅-၁၆ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၁၈ ခု ဘဏ္ဍာရေးနှစ်အထိ ဘဏ္ဍာရေးနှစ်သတ်မှတ်ချက်သည် နှစ်စဉ် ဧပြီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ ဖြစ်ပါသည်။ ၂၀၁၈-၁၉ ခု ဘဏ္ဍာရေးနှစ်မှစ၍ ဘဏ္ဍာရေးနှစ်သတ်မှတ်ချက်ကို နှစ်စဉ် အောက်တိုဘာလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိသို့ ပြောင်းလဲသတ်မှတ်ပါသည်။ မတူညီသည့် ဘဏ္ဍာရေးကာလ ၂ ရပ်ကို ပေါင်းကူးပေးနိုင်ရန် ၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ၆ လကြာ ဘဏ္ဍာရေး အကူးအပြောင်း ကာလ (Interim) ကို ထားရှိဆောင်ရွက်ခဲ့ပါသည်။

တိုင်းဒေသကြီး၊ ပြည်နယ်များသည် မိမိတို့ရသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်များအတွက် ကိုယ်ပိုင် ရှာဖွေရငွေဖြင့်ဘဏ္ဍာငွေလုံလုံလောက်လောက် ဖြည့်ဆည်းနိုင်ခြင်းမရှိသည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၀ အရ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ သင့်လျော်သလို ဘဏ္ဍာငွေဖြည့်ဆည်းပေးရပါသည်။ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ဘဏ္ဍာငွေဖြည့်ဆည်းပေးငွေများအနက် အထွေထွေလိုငွေဖြည့် လွှဲပြောင်းထောက်ပံ့ငွေ (Grant transfer) မှာ အများဆုံးဖြစ်ပါသည်။ ဖော်ပြပါသရုပ်ဖော်ပုံတွင် ရငွေများအနက် လိုငွေဖြည့် လွှဲပြောင်းထောက်ပံ့ငွေ (Grant transfer) ပါဝင်မှုကို မျဉ်းစောင်းများဖြင့် ဖော်ပြထားပါသည်။ ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းအတွက် ပြည်ထောင်စုမှ Grant transfer လွှဲပြောင်းထောက်ပံ့ငွေ ကျပ်သန်းပေါင်း ၁၃၇,၀၅၉ ရရှိမည်ဖြစ်ပြီး၊ ပြည်နယ်၏ ယင်းဘဏ္ဍာနှစ် အသုံးစရိတ်စုစုပေါင်း၏ ၉၅ % ဝန်းကျင် ဖြစ်ပါသည်။ (လွှဲပြောင်းထောက်ပံ့ငွေများ တစ်ခုချင်းစီအလိုက် အသေးစိတ်ကို အခန်း (၄) ပြည်နယ်ဘတ်ဂျက်ရငွေများ တွင် ဆက်လက်ရှင်းလင်းထားပါသည်)

## ၃.၃ အစိုးရဘတ်ဂျက်နှင့် စီးပွားရေး

### အစိုးရ၏ ရငွေများ

အစိုးရ၏ လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများအတွက် လိုအပ်သည့်ဘဏ္ဍာငွေကို အခွန်အကောက်ရငွေများ၊ အခြား ရငွေများနှင့် ပြည်ထောင်စု၏ လွှဲပြောင်းထောက်ပံ့ငွေများမှ ရရှိပါသည်။ (အခန်း ၄ တွင် ဆက်လက်ဖော်ပြသွားပါမည်)

### အစိုးရ၏ အသုံးစရိတ်များ

ပြည်သူများ၏ လူမှုဘဝတိုးတက်ကောင်းမွန်စေရေးအတွက် ရင်းနှီးမြှုပ်နှံရေးမှာ အစိုးရ၏တာဝန်ဖြစ်ရာ ချင်းပြည်နယ်အစိုးရက နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍ၊ ကျေးလက်ကဏ္ဍတို့တွင် ပြည်ထောင်စု အစိုးရနှင့် တာဝန်ဝတ္တရားများ မျှဝေ၍လည်းကောင်း၊ မြို့ပြဆိုင်ရာ မြူနီစီပယ်ဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်ရေးအတွက်လည်းကောင်း သုံးစွဲပါသည်။

ထို့အပြင် ပြည်နယ်တွင်းရှိပြည်သူများ ပြည်သူ့ရေးရာ ဝန်ဆောင်မှုများကို လက်လှမ်းမီစေရန်၊ စီးပွားရေးလုပ်ငန်းများကို အခြားသောဒေသများ၊ နိုင်ငံတကာဈေးကွက်များနှင့်လည်းကောင်း ချိတ်ဆက်ပေးနိုင်ရန်၊ လုပ်ငန်းကုန်ကျစရိတ်များ ကျဆင်းစေရန်နှင့် အလုပ်အကိုင်များ ဖန်တီးပေးနိုင်ရန်အတွက် ဆည်မြောင်း၊ ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အား ရရှိရေးကဲ့သို့သော အခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်ရေးအတွက်လည်း မျှော်မှန်းသုံးစွဲပါသည်။ (အခန်း ၅ တွင် ဆက်လက်ဖော်ပြသွားပါမည်)

### မျှော်မှန်းရလဒ်

အခြေခံအဆောက်အအုံများတွင် တိုးမြှင့် ရင်းနှီးမြှုပ်နှံသည့်အတွက် ပြည်သူများ၏ လူမှုဘဝ တိုးတက်ကောင်းမွန်ခြင်းနှင့် ကုန်စည်နှင့် သတင်းအချက်အလက်များ လွယ်ကူချောမွေ့စွာ စီးဆင်းနိုင်ခြင်းတို့ကို ဖြစ်စေပြီး၊ ထို့အတွက် ပြည်သူများက စီးပွားရေးလုပ်ဆောင်မှုများတွင် တိုး၍ ပါဝင်လာနိုင်စေမည်ဖြစ်ပါသည်။ အခြေခံအဆောက်အအုံများ ပို၍ ကောင်းမွန်စေခြင်းဖြင့် လုပ်ငန်းကုန်ကျစရိတ်များလျှော့ချနိုင်ပြီး စိုက်ပျိုးရေး၊ ကုန်စည်ထုတ်လုပ်မှုနှင့် ခရီးသွားလုပ်ငန်းစသည့် စီးပွားရေးကဏ္ဍများကို တိုးတက်လာစေမည်ဖြစ်ကာ အလုပ်အကိုင်နှင့် စီးပွားရေးတိုးတက်မှုများကို ဖြစ်ထွန်းစေမည် ဖြစ်ပါ သည်။


အဆိုပါစီးပွားရေးကဏ္ဍများတွင် စွမ်းဆောင်ရည် ကောင်းမွန်လာသည်နှင့်အမျှ ပြည်သူများ ချမ်းသာကြွယ်ဝလာခြင်းနှင့် စီးပွားရေးစနစ်အတွင်း ပိုမိုပါဝင်လာစေနိုင်ခြင်းတို့ကို ဖြစ်ထွန်းစေမည်ဖြစ်ပါသည်။ ပြည်သူများ၏ ဝင်ငွေအဆင့်အတန်းမြင့်မားသည့် စီးပွားရေးအခြေအနေကောင်းတစ်ရပ် ဖြစ်ထွန်းလာပါက စီးပွားရေးပိုမို၍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သောအခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် အစိုးရအခွန်ဘဏ္ဍာဝင်ငွေများကို ပိုမိုရရှိစေမည်ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူများကပေးဆောင်ရမည့် အခွန်အခများကို မှန်ကန်စွာပေးဆောင်ခြင်းဖြင့် အားလုံးပါဝင်သော စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းအား ထုတ်ရာတွင် အစိုးရကို ပံ့ပိုးပေးနိုင်မည်ဖြစ်ပါသည်။



# အခန်း (၄) ချင်းပြည်နယ်ဘတ်ဂျက် ဘဏ္ဍာရငွေများ

## ၄.၁ ချင်းပြည်နယ်အစိုးရက မည်သည့်ရငွေများရရှိပါသနည်း။

၂၀၁၈ - ၂၀၁၉ ခု ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ စုစုပေါင်းရငွေ လျာထားချက်
ပါဝင်မှုရာခိုင်နှုန်းအားဖြင့်




၂၀၁၈ - ၂၀၁၉ ခု ဘဏ္ဍာရေးနှစ် ဘတ်ဂျက်အရ ချင်းပြည်နယ်ဘတ်ဂျက်ပါ ကိုယ်တိုင်ရှာဖွေရငွေများတွင် (က) အခွန်အကောက်ရငွေ နှင့် (ခ) အခြားသာမန်ရငွေ တို့ပါဝင်ပါသည်။ ၄င်းဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်းရငွေနှင့် ကြွေးမြီရငွေတို့ကို လျာထားခြင်းမရှိသည့်အတွက် ထည့်သွင်းဖော်ပြမထားပါ။

### (က) အခွန်အကောက်ရငွေ

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နှင့် ၂၀၁၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့် ဥပဒေ ဇယား ၅ အရ ပြည်နယ်ကို ကောက်ခံခွင့်အပ်နှင်းထားသည့် အခွန်၊အခများမှ ရငွေများဖြစ်ပါသည်။ ပြည်နယ်၏ စုစုပေါင်း ဘဏ္ဍာရငွေတွင် အခွန်အကောက်ရငွေသည် ၀.၃ % ပါဝင်ပါသည်။

### (ခ) အခြားသာမန်ရငွေ

ပြည်နယ်ဘတ်ဂျက်ပါဌာနများက ရှာဖွေရရှိသော အခွန်မဟုတ်သည့် အခြားသာမန်ရငွေအမျိုးအစားများ ဖြစ်ပြီး၊ စုစုပေါင်းဘဏ္ဍာရငွေ၏ ၀.၇ % သာ ဖြစ်ပါသည်။

(ပြည်နယ်၏ကိုယ်တိုင်ရှာဖွေရငွေ အမျိုးအစားတစ်ရပ်ချင်းစီအလိုက်ကို ရှေ့တွင်အသေးစိတ်ရှင်းလင်းသွားပါမည်)

### ပြည်ထောင်စုမှ လွှဲပြောင်းထောက်ပံ့ငွေများ

ပြည်နယ်ဘတ်ဂျက်ပါ လွှဲပြောင်းထောက်ပံ့ငွေများ (Transfer) တွင် ပြည်ထောင်စုမှ အထွေထွေလိုငွေဖြည့်လွှဲပြောင်း ထောက်ပံ့ငွေ (Grant Transfer)၊ အခွန်ဝေစုရငွေ (Tax Sharing)၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ (Constituency Development Fund) တို့ပါဝင်ပါသည်။ လွှဲပြောင်းထောက်ပံ့ငွေများသည် ၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘတ်ဂျက် ဘဏ္ဍာရငွေ စုစုပေါင်းတွင် ၉၉ % ပါဝင်ပါသည်။


(ပြည်နယ်ဘတ်ဂျက်ပါ လွှဲပြောင်းထောက်ပံ့ငွေ အမျိုးအစားတစ်ရပ်ချင်းစီအလိုက်ကို ရှေ့တွင် အသေးစိတ် ရှင်းလင်းပါမည်)

## ၄.၂ ချင်းပြည်နယ်၏ ကိုယ်တိုင်ရှာဖွေရငွေများ

### ၄.၂.၁ အခွန်ရငွေ

၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နှင့် ၂၀၁၅ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့်ဥပဒေ ဇယား ၅ ပါအခွန်အခများအနက် အခွန် ၇ မျိုးကို ပြည်နယ်အစိုးရဘတ်ဂျက်ပါဦးစီးဌာန၊ အဖွဲ့အစည်း ၄ ခု က ကောက်ခံပါသည်။ ၂၀၁၈ - ၂၀၁၉ ခု ဘဏ္ဍာရေးနှစ်တွင် အခွန်ရငွေမှာ ကျပ် ၄၂၅ သန်း ရရှိမည်ဟု ခန့်မှန်းရာ ချင်းပြည်နယ်ဘတ်ဂျက် ဘဏ္ဍာရငွေ အရင်းအမြစ် စုစုပေါင်း၏ ၀.၃ % သာ ပါဝင်ပါသည်။

ချင်းပြည်နယ်၏ အခွန်ရငွေလျာထားချက်
၂၀၁၈ - ၂၀၁၉ ခု ဘဏ္ဍာရေးနှစ် ပါဝင်မှုရာခိုင်နှုန်းအားဖြင့်




မှတ်ချက်။ ။အင်းအိုင်ခွန်မှာ နည်းပါးသည့်အတွက် သရုပ်ဖော်ပုံတွင်ထည့်သွင်းမဖော်ပြထားပါ။

## ၂၀၁၈ - ၂၀၁၉ ခု ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ အခွန်အကောက်ရငွေ လျာထားချက်

| အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ကောက်ခံရရှိငွေ(ကျပ်သန်းပေါင်း) |
|---|---|
| မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | ၆ |
| ယစ်မျိုးခွန် | ၆၉ |
| ဓာတ်သတ္တုခွန် | ၁၅၇ |

| ငါးလုပ်ငန်းဦးစီးဌာန | ကောက်ခံရရှိငွေ(ကျပ်သန်းပေါင်း) |
|---|---|
| အင်းအိုင်ခွန် | ၀.၁၂ |


| သစ်တောဦးစီးဌာန | ကောက်ခံရရှိငွေ(ကျပ်သန်းပေါင်း) |
|---|---|
| သစ်တောထွက်ပစ္စည်းများထုတ်ယူ သုံးစွဲသည့်အတွက်ကောက်ခံသည့်အခွန် | ၁၅ |

| စည်ပင်သာယာရေးအဖွဲ့များ | ကောက်ခံရရှိငွေ(ကျပ်သန်းပေါင်း) |
|---|---|
| ပစ္စည်းခွန် | ၁၆၈ |
| ဘီးခွန် | ၁၀ |

### ၄.၂.၂ အခြားသာမန်ရငွေများ

အခွန်မဟုတ်သည့် အခြားသာမန်ရငွေများမှာ ၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၉၅၆ သန်း ရှိမည် ဟုခန့်မှန်းရာ ပြည်နယ်ဘတ်ဂျက် သာမန်ရငွေများ၏ ၀.၇ % ခန့် ဖြစ်ပါသည်။ အခြားသာမန်ရငွေများတွင် ငှားရမ်းခရငွေများ၊ ဒဏ်ကြေးရငွေများ၊ လုပ်ငန်းလိုင်စင်ကြေးရငွေများ၊ စည်ပင်သာယာရေးအဖွဲ့များ၏ အဆောက်အအုံကြီးကြပ်ခ ရငွေများ၊ ကြော်ငြာဆိုင်းဘုတ် စိုက်ထူခရငွေများစသည့် အမျိုးမျိုးသော သာမန်ရငွေများဖြစ်ပြီး ပြည်ထောင်စုမှလွှဲပြောင်းထောက်ပံ့ငွေ များမပါဝင်ပါ။

**ချင်းပြည်နယ် အခြားသာမန်ရငွေ**
**ဌာနအလိုက်၊ ပါဝင်မှုရာခိုင်နှုန်း**




## ၄.၃ ပြည်ထောင်စုလွှဲပြောင်းထောက်ပံ့ငွေမှရငွေများ

### ၄.၃.၁ အထွေထွေလိုငွေဖြည့်လွှဲပြောင်းထောက်ပံ့ငွေ (Grant transfer)

ချင်းပြည်နယ်အတွက် ပြည်ထောင်စုမှ အထွေထွေလိုငွေဖြည့်လွှဲပြောင်းထောက်ပံ့ငွေမှာ အဓိကကျသော ဘဏ္ဍာအရင်းအမြစ်ဖြစ်ပြီး၊ ၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရင်းမြစ်စုစုပေါင်း၏ ၉၄.၆ % (ကျပ် ၁၃၇,၀၅၉ သန်း) ဖြစ်ပါသည်။ ပြည်ထောင်စု၏ထောက်ပံ့ငွေစုစုပေါင်းမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ ခွဲဝေထောက်ပံ့မှုကို တွက်ချက်မှုနည်းလမ်းဖြင့် ညွှန်ကိန်း ၆ ခုအသုံးပြု၍ ခွဲဝေပေးပါသည်။ ညွှန်ကိန်း ၆ ခုတွင် -


အသုံးစရိတ်လိုအပ်ချက်များအတွက် တိုင်းဒေသကြီး/ပြည်နယ်အလိုက်၏

(၁) လူဦးရေ (၂) ဆင်းရဲနွမ်းပါးမှုညွှန်းကိန်း (၃) မြေရေိယာအကျယ်အဝန်း

ဘဏ္ဍာငွေလိုအပ်ချက်များအတွက် တိုင်းဒေသကြီး/ပြည်နယ်အလိုက်၏


(၄) တစ်ဦးကျဂျီဒီပီ (၅) မြို့ပြလူဦးရေ (၆) တစ်ဦးကျအခွန်ကောက်ခံရရှိမှု

**ချင်းပြည်နယ်အတွက် ရရှိသည့် အထွေထွေလိုငွေဖြည့်လွှဲပြောင်းထောက်ပံ့ငွေ**
**၂၀၁၅ - ၂၀၁၆ မှ ၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အထိ**



ချင်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှု လျင်မြန်စွာ ဖြစ်ထွန်းလာရေး၊ သားချင်းညီအစ်ကိုမောင်နှမများ၏ လူမှုဘဝများ သာယာဝပြော၍ အနာဂတ်များ ပွင့်လန်းစေရေး စသည်တို့အတွက် ပြည်နယ်ဘတ်ဂျက်မှ သုံးစွဲရမည့် အသုံးစရိတ်များအတွက် လိုအပ်မည့်ဘဏ္ဍာငွေကို ပြည်ထောင်စုမှ ပံ့ပိုးပေးလျက်ရှိပါသည်။ ချင်းပြည်နယ်အတွက် ပြည်ထောင်စုမှ လွှဲပြောင်းထောက်ပံ့ငွေမှာ လူတစ်ဦးကျအားဖြင့် ၂၆၉,၆၁၁ကျပ် ရှိပြီး ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များထက် ပိုမိုလွှဲပြောင်းထောက်ပံ့ပေးလျက်ရှိသည်ကို ဖော်ပြပါ သရုပ်ဖော်ပုံတွင် မြင်တွေ့နိုင်ပါသည်။

**အထွေထွေလိုငွေဖြည့်လွှဲပြောင်းထောက်ပံ့ငွေ**
**၂၀၁၈ - ၂၀၁၉ ခု ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လူတစ်ဦးကျ ရရှိမှု**




## ၄.၃.၂ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ

၂၀၁၄ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေအရ ဒေသန္တရဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် လွှဲပြောင်းထောက်ပံ့ငွေဖြစ်ပြီး၊ မြို့နယ်တစ်ခုလျှင် ကျပ် သန်း ၁၀၀ စီ ထောက်ပံ့ပါသည်။ ချင်းပြည်နယ်အတွင်း ၉ မြို့နယ်အတွက် ကျပ် သန်း ၉၀၀ ရရှိပြီး ၎င်းရန်ပုံငွေကို မြို့နယ်အဆင့်တွင် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်က စီမံခန့်ခွဲပါသည်။ ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေသည် ဒေသဖွံ့ဖြိုးရေးစီမံချက်ငယ်များ ဆောင်ရွက်ရန်အတွက် ရည်ရွယ်သည့်အပြင် အသုံးစရိတ်များ သုံးစွဲရာတွင်ပြည်သူလူထု၏ လိုလားချက်များနှင့် ကိုက်ညီစေခြင်း၊ စီမံကိန်းရွေးချယ်အကောင်အထည်ဖော်မှု၊ စောင့်ကြည့် ထိန်းကျောင်းမှုများတွင် ပြည်သူလူထုပါဝင်နိုင်သည့် အလေ့အထကောင်းများကို ဖြစ်စေနိုင်ပါသည်။

## ၄.၃.၃ အခွန်ဝေစု

ဒေသအလိုက်လိုအပ်သည့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံသော ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်၊ ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန်တို့ကို ကောက်ခံရရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်သို့ အခွန်ဝေစုအဖြစ် ပြန်လည်ခွဲဝေပေးပါသည်။ အခွန်ဝေစုကို ခွဲဝေပေးရာတွင် နိုင်ငံပိုင်အခန်းကဏ္ဍမှ ကောက်ခံရရှိသော ကုန်သွယ်လုပ်ငန်းခွန်၏ ၁၅ % နှင့် အထူးကုန်စည်ခွန်၏ ၁၅ % ကို အထွေထွေလွှဲပြောင်းထောက်ပံ့ငွေတွက်ချက်သည့်ညွှန်ကိန်း ၆ ခုဖြင့် တွက်ချက်၍လည်းကောင်း၊ သမဝါယမအခန်းကဏ္ဍ နှင့် ပုဂ္ဂလိကကဏ္ဍတို့မှ ကောက်ခံရရှိသော ကုန်သွယ်လုပ်ငန်းခွန်၏ ၁၅ %၊ အထူးကုန်စည်ခွန်၏ ၁၅ % ၊ ဝင်ငွေခွန်၏ ၅ % နှင့် တံဆိပ်ခေါင်းခွန်၏ ၂ % တို့ကို ကောက်ခံရရှိသည့် တိုင်းဒေသကြီးပြည်နယ်သို့ ခွဲဝေပေးပါသည်။ ၂၀၁၈ - ၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်၏ အခွန်ဝေစုရငွေမှာ ဘဏ္ဍာရင်းမြစ် စုစုပေါင်း၏ ၃.၈ % (ကျပ် ၅,၅၅၆ သန်း) ဖြစ်ပါသည်။

အစိုးရတစ်ရပ်၏ အခန်းကဏ္ဍသည် ပြည်သူများနှင့် စီးပွားရေးလုပ်ငန်းများ အကျိုးရှိစေမည့် ပြည်သူ့ဝန်ဆောင်မှုများ ပံ့ပိုးပေးရန်ဖြစ်ပြီး၊ လမ်း၊ တံတားများ တည်ဆောက်ခြင်း၊ ပြည်သူ့ဝန်ဆောင်မှုများပေးခြင်း၊ တရားဥပဒေစိုးမိုးစေခြင်း စသည်တို့ ပါဝင်ပါသည်။ အစိုးရ၏ ပြည်သူ့ဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်လာရေးမှာ နိုင်ငံသား တစ်ဦးချင်းစီကပေးဆောင်သည့် အခွန်အပေါ်လည်း မှီခိုရပါသည်။ အခွန်ကို အချိန်နှင့်တပြေးညီ မှန်ကန်စွာ ပေးဆောင်ခြင်းက နိုင်ငံသားတစ်ဦးချင်း၊ စီးပွားရေးလုပ်ငန်းတစ်ခုချင်းစီအတွက် အကောင်းဆုံး အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါသည်။ အစိုးရကလည်း ဒေသတစ်ခုလုံး၊ နိုင်ငံတစ်ခုလုံးကို ပိုမို သာယာဝပြောသော အခြေအနေသို့ ရောက်ရှိစေရန် ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။






# အခန်း(၅) ချင်းပြည်နယ်ဘတ်ဂျက် အသုံးစရိတ်များ


## ၅.၁ ချင်းပြည်နယ်အစိုးရက မည်သည့်အသုံးစရိတ်များ သုံးစွဲပါသနည်း။

အစိုးရ၏အသုံးစရိတ်များတွင် ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ယူရခြင်း၊ ပြည်သူ့ရေးရာကဏ္ဍ ရင်းနှီးမြှုပ်နှံခြင်းများ ပါဝင်ပါသည်။ ချင်းပြည်နယ်တွင် ပြည်နယ်ဘတ်ဂျက်မှအသုံးစရိတ်နှင့် ပြည်ထောင်စုဘတ်ဂျက်မှ အသုံးစရိတ်ဟူ၍ ခွဲခြားနိုင်ပါသည်။ ချင်းပြည်နယ်ဘတ်ဂျက်မှ အသုံးစရိတ်များကို ယခုအခန်း(၅)တွင် ရှင်းလင်းတင်ပြမည် ဖြစ်ပါသည်။

ချင်းပြည်နယ်ဘတ်ဂျက်အသုံးစရိတ်မှာ ၂၀၁၈ – ၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁၄၄,၈၉၆ သန်း ရှိမည်ဟု ခန့်မှန်းပါသည်။ ထို့အတွက်ကြောင့် ပြည်နယ်အတွင်း လူတစ်ဦးကျလျှင် ၂၈၅,၀၂၇ ကျပ် ခန့်သုံးစွဲနိုင်မည်ဖြစ်ပါသည်။ ပြည်နယ်ဘတ်ဂျက်၏ ၇၇ % နှင့် ညီမျှသည့် ကျပ် ၁၁၀,၉၀၆ သန်းကို ပြည်နယ်ဖွံ့ဖြိုးရေးအတွက် အခြေခံအဆောက်အအုံ တည်ဆောက်ရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအသုံးစရိတ်များ (ငွေလုံးငွေရင်း) အတွက် သုံးစွဲမည်ဖြစ်ပြီး၊ ကျန် ၂၃ % နှင့် ညီမျှသည့် ကျပ် ၃၃,၉၉၀ သန်းကို သာမန်အသုံးစရိတ်များအဖြစ် သုံးစွဲမည်ဖြစ်ပါသည်။ သာမန်အသုံးစရိတ် နှင့် ငွေလုံးငွေရင်း အသုံးစရိတ် တစ်ရပ်ချင်း အလိုက်ကို ရှေ့တွင်ဆက်လက်ရှင်းလင်းပါမည်။


### ချင်းပြည်နယ်ဘတ်ဂျက်မှ အသုံးစရိတ်များအပေါ် ရှင်းလင်းချက်

### ၂၀၁၅ - ၂၀၁၆ မှ ၂၀၁၈ - ၂၀၁၉ ခုဘဏ္ဍာရေးနှစ်အထိ
### (ကျပ်သန်းပေါင်း)



## ၅.၂ ပြည်နယ်ဘတ်ဂျက်တွင် ကဏ္ဍအလိုက် အသုံးစရိတ်ပါဝင်မှုရာခိုင်နှုန်း

ချင်းပြည်နယ်အစိုးရက လမ်း/တံတား တည်ဆောက်ရေးကဏ္ဍ၊ ပြည်နယ်ဗဟိုအဖွဲ့အစည်းများအောက်မှ အစိုးရအဖွဲ့ရုံးက ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ဆည်မြောင်း နှင့် ကုန်းမြင့်လယ်ယာမြေ ဖော်ထုတ်ရေးလုပ်ငန်းများ၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အားရရှိရေးကဏ္ဍ၊ မြို့ပြ ဆိုင်ရာ စည်ပင်သာယာရေးလုပ်ငန်းများ နှင့် စိုက်ပျိုးရေးကဏ္ဍတို့အတွက် ဦးစားပေး သုံးစွဲလျက်ရှိပါသည်။





## ၅.၃ သာမန်အသုံးစရိတ် နှင့် ငွေလုံးငွေရင်းအသုံးစရိတ်

### ၅.၃.၁ သာမန်အသုံးစရိတ်

၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်ဘတ်ဂျက် သာမန်အသုံးစရိတ်တွင် ပြင်ဆင်ထိန်းသိမ်းစရိတ်အတွက်အသုံးစရိတ်မှာ ၄၆ %၊ ပြည်နယ်၏အစိုးရဝန်ထမ်းများအတွက် ကျခံသုံးစွဲသည့် လစာစရိတ်နှင့်ချီးမြှင့်ငွေမှာ ၃၇ %၊ ပစ္စည်းများဝယ်ယူခြင်း၊ ဆောင်ရွက်ပေးခြင်းတို့အတွက် ကုန်ကျစရိတ် နှင့် လုပ်အားခ မှာ ၉ % စီဖြင့် အများဆုံးပါဝင်ပါသည်။ ပြင်ဆင်ထိန်းသိမ်းစရိတ် ကျပ် ၁၅၅၅၈ သန်းတွင် လမ်းဦးစီးဌာန၏ လမ်းပြင်ဆင်ထိန်းသိမ်းစရိတ်မှာ ကျပ် ၁၅၀၀၀ သန်း ပါဝင်ပါသည်။


**၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်ဘတ်ဂျက် သာမန်အသုံးစရိတ် လျာထားချက် အမျိုးအစားအလိုက် (ရာခိုင်နှုန်း)**




| အမျိုးအစားများ | ကျပ်(သန်းပေါင်း) |
|---|---|
| ပြင်ဆင်ထိန်းသိမ်းစရိတ် | ၁၅,၅၅၈ |
| လစာ၊စရိတ်၊ ချီးမြှင့်ငွေစသည်များ | ၁၂,၇၆၅ |
| ပစ္စည်းများဝယ်ယူခြင်း၊ ဆောင်ရွက်ပေးခြင်းတို့ အတွက် ကုန်ကျစရိတ်နှင့် လုပ်အားခ | ၃,၀၄၅ |
| ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေမှ အသုံးစရိတ် | ၉၀၀ |
| ဓါတ်ဆီ၊ စက်ဆီ၊ ချောဆီ | ၆၈၇ |
| ခရီးသွားလာစရိတ် | ၅၂၈ |
| ဧည့်ခံကျွေးမွေးစရိတ် | ၁၅၈ |
| ဆည်မြောင်း နှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ | ၁၀၀ |
| အခြားသာမန်အသုံးစရိတ်များ | ၂၄၉ |


## ၅.၃.၂ ငွေလုံးငွေရင်းအသုံးစရိတ်

ငွေလုံးငွေရင်းအသုံးစရိတ်တွင် အဓိကအားဖြင့် ပုံသေရရန်ပိုင်ခွင့်များ ဝယ်ယူခြင်း၊ မြေ၊ အဆောက်အအုံ၊ ယာဉ်၊ စက်ကိရိယာနှင့် ကိုင်တွယ်၍မရသော ရရန်ပိုင်ခွင့်များဝယ်ယူခြင်းအတွက် အသုံးစရိတ်များ ပါဝင်ပါသည်။ ချင်းပြည်နယ် ဘတ်ဂျက် ငွေလုံးငွေရင်းအသုံးစရိတ်၏ ၆၁ % ကို ဆောက်လုပ်ရေးဝန်ကြီးဌာနက အကောင်အထည်ဖော်သည့် လုပ်ငန်းစီမံကိန်းများအတွက် သုံးစွဲပါသည်။ အခြားဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ ငွေလုံးငွေရင်း အသုံးစရိတ်များကို အောက်ဖော်ပြပါ ဇယားတွင် ရှင်းလင်းတင်ပြထားပါသည်။




| ဝန်ကြီးဌာန/အဖွဲ့အစည်း | ကျပ်(သန်းပေါင်း) |
|---|---|
| ဆောက်လုပ်ရေးဝန်ကြီးဌာန | ၆၇,၀၅၀ |
| ပြည်နယ်ဗဟိုအဖွဲ့အစည်းများ | ၂၁,၃၃၄ |
| လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ၈,၄၃၁ |
| စည်ပင်သာယာရေးအဖွဲ့များ | ၆,၉၄၇ |
| ပြည်ထဲရေးဝန်ကြီးဌာန | ၄,၆၅၆ |
| စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ၉၄၉ |
| စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ၈၇၂ |
| ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၃၆၈ |
| သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | ၂၉၉ |

**မြို့နယ်အလိုက် ငွေလုံးငွေရင်းအသုံးစရိတ်**
**၂၀၁၈ - ၂၀၁၉ ခု ဘဏ္ဍာရေးနှစ်၊ ကျပ်သန်းပေါင်း**




| မြို့နယ် | ကျပ်(သန်းပေါင်း) |
|---|---|
| ဟားခါးမြို့နယ် | ၂၂,၈၉၃ |
| မတူပီမြို့နယ် | ၁၇,၃၃၀ |
| ဖလမ်းမြို့နယ် | ၁၃,၉၇၀ |
| မင်းတပ်မြို့နယ် | ၁၃,၁၀၈ |
| ထန်တလန်မြို့နယ် | ၁၀,၆၆၃ |
| ပလက်ဝမြို့နယ် | ၉,၅၅၁ |
| တီးတိန်မြို့နယ် | ၉,၂၆၄ |
| တွန်းဇံမြို့နယ် | ၇,၃၈၀ |
| ကန်ပက်လက်မြို့နယ် | ၆,၇၄၇ |

၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ အသုံးစရိတ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လမ်းဦးစီးဌာနမှ အသုံးစရိတ်ကျပ် ၆၇,၀၅၀ သန်းဖြင့် အများဆုံးပါဝင်ပြီး လမ်း/တံတားလုပ်ငန်းများအတွက် အသုံးစရိတ်အချို့ကို အောက်ဖော်ပြပါ ဇယားအတိုင်း ဖော်ပြထားပါသည်။

| လမ်းအမည် | တည်နေရာ | ကျပ်သန်းပေါင်း |
|---|---|---|
| ကလေး - ဖလမ်း - ဟားခါးလမ်း | တီးတိန်/ဖလမ်း/ဟားခါး | ၃၈၂၂ |
| မုံရွာ - ပုလဲ - ဂန့်ဂေါ - ဟားခါးလမ်း | ဟားခါး | ၃၉၀၆ |
| မင်းတပ် - မတူပီလမ်း | မင်းတပ်/မတူပီ | ၄၃၁၆ |
| တီးတိန်/ရိဒ်လမ်း | တီးတိန်/ရိဒ် | ၄၇၅ |
| သိုင်းငင်း - တီးတိန်လမ်း | တီးတိန် | ၃၆၅၂ |
| ပခုက္ကူ - ပေါက် - ကျောက်ထု - ကံကြီး - မင်းတပ်လမ်း | မင်းတပ် | ၁၆၇၂ |
| အောင်မြင်(ဂန့်ဂေါ) - အိုက္ကားလမ်း | ရေဇွာ | ၅၇၁ |
| ကျောက်တော် - ပလက်ဝလမ်း | ပလက်ဝ | ၆၇၈ |
| ဟားခါး - မတူပီလမ်း | ဟားခါး/ရေဇွာ/မတူပီ | ၇၇၀၈ |
| ဟားခါး - ထန်တလန် - ဆာဆီချောက်လမ်း | ဟားခါး/ထန်တလန် | ၃၆၃၅ |
| တီးတိန် - တွန်းဇန် - ကျီခါးလမ်း | တီးတိန်/တွန်းဇန်/ကျီခါး | ၃၉၀၃ |
| ထန်တလန် - နာရိန် - ရေဇွာ - မတူပီလမ်း | ထန်တလန်/ရေဇွာ | ၂၈၄၅ |
| ထန်တလန် - လုံလဲလမ်း | ထန်တလန် | ၇၈၃ |
| ဖလမ်း - ရိဒ်လမ်း | ဖလမ်း/ရိဒ် | ၁၅၉၈ |
| နတ်ချောင်း - ဝေဘူလ - ဗားရဲလမ်း | ဖလမ်း | ၁၇၄၀ |
| ဖို့ပိုက် - ထုတ်လိုင်လမ်း | တီးတိန် | ၂၂၅ |
| ကန်ပက်လက် - မင်းတပ်လမ်း | ကန်ပက်လက်/မင်းတပ် | ၄၅၀ |
| ဆိပ်ဖြူ - ဆော - ကန်ပက်လက်လမ်း | ကန်ပက်လက် | ၁၀၂၆ |
| ရှာတလိုင်း - လိုတောလမ်း | ရေဇွာ | ၇၀၀ |
| မတူပီ - ပလက်ဝလမ်း | မတူပီ/ပလက်ဝ | ၂၉၆၉ |
| လောင်းရှည် - ကျင်ဒွေးလမ်း | ကန်ပက်လက် | ၇၁၆ |
| မိုင်လေးဆယ် - လိပ်တွီ - မနာတာ - ရွှေအောင်သာလမ်း | မင်းတပ် | ၁၇၁၇ |
| ရေဇွာ - လိုင်လင်းပီလမ်း | ရေဇွာ | ၁၁၉၂ |
| ဟားခါးမြို့တွင်းလမ်း | ဟားခါး | ၂၃၇ |
| ဖလမ်းမြို့တွင်းလမ်း | ဖလမ်း | ၁၀၀ |
| တီးတိန်မြို့တွင်းလမ်း | တီးတိန် | ၈၂ |
| မင်းတပ်မြို့တွင်းလမ်း | မင်းတပ် | ၁၆၁ |
| ကန်ပက်လက်မြို့တွင်းလမ်း | ကန်ပက်လက် | ၉၇ |
| ဖလမ်းမြို့ရှောင်ကွင်းလမ်း | ဖလမ်း | ၁၄၀ |
| ဗိုလ်ကျော်ဦးလမ်း(မင်းတပ်မြို့တွင်းလမ်း) | မင်းတပ် | ၅၀ |
| ဟားခါးမြို့ပတ်လမ်း | ဟားခါး | ၆၅၆ |
| ထန်တလန်မြို့ပတ်လမ်း | ထန်တလန် | ၁၂၅ |
| နယ်စပ်ကုန်သွယ်ရေးစခန်းလမ်း | ထန်တလန် | ၂၀ |
| ဟားခါး - ဟာသာ - တောင်ခင်ရန်းလမ်း | ဟားခါး | ၁၀၀၀ |
| ကန်ပက်လက် - ဆမီး - ပလက်ဝလမ်း | ကန်ပက်လက်/ပလက်ဝ | ၁၂၉၄ |

| တံတားအမည် | တည်နေရာ | ကျပ်သန်းပေါင်း |
|---|---|---|
| ကလေး - ဖလမ်း - ဟားခါးလမ်း | ဖလမ်း | ၄၇၇ |
| မတူပီ - ပလက်ဝလမ်း | ပလက်ဝ | ၃၀၀၀ |

၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်နယ်ဗဟိုအဖွဲ့အစည်းများ၏ အသုံးစရိတ်တွင် ပြည်နယ်အစိုးရအဖွဲ့ရုံး၏ ငွေလုံးငွေရင်းအသုံးစရိတ်သည် ကျပ် ၁၇,၄၄၄ သန်း ဖြင့်အများဆုံး ပါဝင်ပြီး အဆိုပါအသုံးစရိတ်များကို အောက်ဖော်ပြပါ ဇယားတွင် လုပ်ငန်းဌာန/အမျိုးအစားအလိုက် ရှင်းလင်းတင်ပြထားပါသည်။


| မြို့နယ် | ကျပ်သန်းပေါင်း |
|---|---|
| ပြည်နယ်အစိုးရအဖွဲ့ရုံး | ၅၅၉ |
| နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | ၁၁၂၂၁ |
| ဆည်မြောင်း၊တာတမံ၊ရေကာန်၊ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ | ၃၆၇၉ |
| စည်ပင်သာယာရေး (ထန်တလန်ရေပေးရေးလုပ်ငန်း) | ၁၃၄၅ |
| ကုန်းမြင့်ဒေသလယ်ယာမြေဖော်ထုတ်ရေး | ၆၂၅ |
| မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန | ၁၅ |

!

ဖော်ပြပါ အသုံးစရိတ်များအနက် အချို့မှာ ပြည်ထောင်စုဘတ်ဂျက်မှ သုံးစွဲရမည့် အသုံးစရိတ်များ ဖြစ်သော်လည်း ဒေသ၏ လက်ငင်းလိုအပ်ချက်များကို ဆောလျင်စွာ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၏ အသုံးစရိတ်မှ ခွဲဝေသုံးစွဲ ခြင်းဖြစ်ပါသည်။

# ပြည်ထောင်စုဘတ်ဂျက်မှ ချင်းပြည်နယ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ်များ

၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်




| မြို့နယ် | ကျပ်သန်းပေါင်း |
|---|---|
| ဟားခါးမြို့နယ် | ၃၁၇၆၉ |
| မတူပီမြို့နယ် | ၁၇၉၈၃ |
| ဖလမ်းမြို့နယ် | ၁၄၆၇၅ |
| ပလက်ဝမြို့နယ် | ၁၄၅၅၆ |
| ထန်တလန်မြို့နယ် | ၈၀၃၄ |
| တွန်းဇံမြို့နယ် | ၇၇၈၆ |
| တီးတိန်မြို့နယ် | ၆၅၆၁ |
| မင်းတပ်မြို့နယ် | ၅၀၉၉ |
| ကန်ပက်လက်မြို့နယ် | ၃၈၅၄ |

| ဝန်ကြီးဌာန / အဖွဲ့အစည်း | ကျပ်သန်းပေါင်း |
|---|---|
| ဆောက်လုပ်ရေးဝန်ကြီးဌာန | ၂၈၉၄၅ |
| ပညာရေးဝန်ကြီးဌာန | ၂၄၆၃၃ |
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ၁၈၃၀၂ |
| လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ၁၀၂၅၅ |
| နယ်စပ်ရေးရာဝန်ကြီးဌာန | ၉၁၆၄ |
| စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ၆၆၁၈ |
| ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ၅၅၈၅ |
| ပြည်ထဲရေးဝန်ကြီးဌာန | ၃၃၅၄ |
| ဗဟိုအဖွဲ့အစည်းများ | ၁၁၃၄ |
| တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ၆၉၄ |
| စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ၅၅၄ |
| လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ၅၀၉ |
| သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန | ၃၀၄ |
| အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | ၁၄၅ |
| သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | ၉၉ |
| ပြန်ကြားရေးဝန်ကြီးဌာန | ၂၂ |

ပြည်ထောင်စုဘတ်ဂျက်မှ ငွေလုံးငွေရင်းအသုံးစရိတ်များတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အသုံးစရိတ်သည် ကျပ် ၂၈,၉၄၅ သန်း ဖြင့်အများဆုံးပါဝင်ပြီး ဌာနများ၏ ငွေလုံးငွေရင်းအသုံးစရိတ်များကို အောက်ပါဇယားအတိုင်း ဖော်ပြထားပါသည်။

| မြို့နယ် | လမ်းဦးစီးဌာန | | တံတားဦးစီးဌာန | | ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | |
|---|---|---|---|---|---|---|
| | အရေအတွက် | ကျပ်သန်းပေါင်း | အရေအတွက် | ကျပ်သန်းပေါင်း | အရေအတွက် | ကျပ်သန်းပေါင်း |
| ပလက်ဝ | ၃ | ၂၄၂၆ | ၁ | ၅၀၀၀ | ၂ | ၃၀၀ |
| ဟားခါး | ၁ | ၆၀၀၀ | | | ၄ | ၄၆၇ |
| တွန်းဇံ | ၁ | ၅၀၀၀ | | | ၆ | ၅၁၀ |
| မတူပီ | ၁ | ၂၄၁၀ | ၃ | ၁၃၉၂ | ၄ | ၃၂၄ |
| ဖလမ်း | ၂ | ၂၆၇ | | | ၃ | ၂၇၀၆ |
| တီးတိန် | ၂ | ၁၆၆ | ၁ | ၃၆၀ | ၂ | ၂၇၀ |
| ထန်တလန် | | | | | ၂ | ၄၇၉ |
| မင်းတပ် | | | | | ၂ | ၃၆၀ |
| ကန်ပက်လက် | | | | | ၂ | ၃၂၀ |
| ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံးဆောက်လုပ်ခြင်း (မင်းတပ်) | | | | | | ၁၈၈ |

ပြည်ထောင်စုဘတ်ဂျက်မှ ငွေလုံးငွေရင်းအသုံးစရိတ်များတွင် ဒုတိယအများဆုံးပါဝင်သည့် ပညာရေးဝန်ကြီး ဌာနအောက်ရှိ ဦးစီးဌာနများ၏ ငွေလုံးငွေရင်းအသုံးစရိတ် နှင့် အခြေခံပညာဦးစီးဌာန၏ မြို့နယ်အလိုက် ငွေလုံး ငွေရင်းအသုံးစရိတ် အချို့ကို အောက်ပါဇယားများဖြင့် ဖော်ပြထားပါသည်။

| ပညာရေးဝန်ကြီးဌာန | ကျပ် (သန်းပေါင်း) |
|---|---|
| အခြေခံပညာဦးစီးဌာန | ၁၄၀၇၁ |
| အဆင့်မြင့်ပညာဦးစီးဌာန | ၇၀၇၉ |
| နည်းပညာ၊သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန | ၃၄၈၃ |

| မြို့နယ် | အခြေခံပညာဦးစီးဌာန | |
|---|---|---|
| | အရေအတွက်(ကျောင်း) | ကျပ်သန်းပေါင်း |
| မတူပီ | ၁၆ | ၂၁၉၂ |
| တီးတိန် | ၁၃ | ၂၀၉၂ |
| မင်းတပ် | ၂၀ | ၁၄၂၆ |
| ဟားခါး | ၁၁ | ၁၃၅၇ |
| ဖလမ်း | ၂၀ | ၁၃၃၅ |
| ထန်တလန် | ၉ | ၁၃၃၄ |
| ကန်ပက်လက် | ၇ | ၅၂၈ |
| ပလက်ဝ | ၂၆ | ၁၈၅၅ |
| တွန်းဇံ | ၅ | ၈၀၄ |

- အခြေခံပညာ ဦးစီးဌာန၏ အခြားအသုံးစရိတ်များမှာ စာကြည့်တိုက် ၆ ခုအတွက် ကျပ် ၃၇၉ သန်း၊ ဆရာ / ဆရာမ အိမ်ယာ ဆောက်လုပ်ခြင်းအတွက် ကျပ် ၆၄၃ သန်း နှင့် သိပ္ပံဆောင်များ ဆောက်လုပ်ခြင်းအတွက် ကျပ် ၁၂၆ သန်း တို့ဖြစ်ပါသည်။

ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာနသည် ချင်းပြည်နယ်အတွက် ပြည်ထောင်စု၏ ငွေလုံးငွေရင်းအသုံးစရိတ်တွင် တတိယ အများဆုံးပါဝင်ပြီး ကျပ် ၁၈,၃၀၂ သန်းဖြစ်ပါသည်။ ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနများ၏ ငွေလုံးငွေရင်းအသုံးစရိတ်များကို အောက်ပါဇယားအတိုင်း ဖော်ပြထားပါသည်။

| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ကျပ်(သန်းပေါင်း) |
|---|---|
| ကုသရေးဦးစီးဌာန | ၆၇၅၂ |
| ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ၅၆၈၁ |
| အားကစားနှင့်ကာယပညာဦးစီးဌာန | ၂၆၉၀ |
| အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | ၁၆၁၉ |
| ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန | ၁၃၈၈ |
| တိုင်းရင်းဆေးပညာဦးစီးဌာန | ၁၇၂ |

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ချင်းပြည်နယ်အတွက် ပြည်ထောင်စု၏ ငွေလုံးငွေရင်းအသုံးစရိတ်တွင် စတုတ္ထ အများဆုံးပါဝင်ပြီး ကျပ် ၁၀,၂၅၅ သန်းဖြစ်ပါသည်။ လျှပ်စစ် နှင့် စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနများ၏ ငွေလုံး ငွေရင်းအသုံးစရိတ်များကို အောက်ပါဇယားအတိုင်း ဖော်ပြထားပါသည်။

| လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ကျပ်(သန်းပေါင်း) |
|---|---|
| လျှပ်စစ်ဓါတ်အား ပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန | ၉၀၈၅ |
| လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ၁၁၇၀ |

## နိဂုံးချုပ် အမှာစကား

ချင်းပြည်နယ်၏ ပြည်သူ့အတွက် ရသုံးခန့်မှန်းခြေ ငွေစာရင်း (Citizen's Budget) ဆိုင်ရာ အချက်အလက်များကို အစိုးရ၏ ပြည်သူ့ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှု ရှိစေရန်နှင့် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်များကို ပြည်သူများ နားလည် သဘောပေါက်စွာ ပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်၍ ယခု ၂၀၁၈ – ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ ထုတ်ဝေရခြင်း – ဖြစ်ပါ သည်။

ဤစာစောင်ကို ဖတ်ရှုပြီး ဘတ်ဂျက်စက်ဝန်းအသစ်နှင့်အတူ မြို့နယ်စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်များတွင် ချင်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်နှင့် ပြည်သူများပူးပေါင်းပါဝင်မှုဖြင့် ထိရောက်သော ရသုံး ခန့်မှန်းခြေငွေစာရင်း ရေးဆွဲမှုများ၊ ပြည်သူကို ဗဟိုပြုသော စီမံကိန်းရေးဆွဲမှုများ ဖြစ်ပေါ်လာစေရေးအတွက် မျှော်မှန်းပါသည်။

ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍လည်းကောင်း ၊ ဤစာစောင်နှင့်ပတ်သက်၍ လည်းကောင်း ချင်းပြည်နယ်အစိုးရအဖွဲ့ ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနသို့ စုံစမ်းမေးမြန်း အကြံပြုနိုင်ပါသည်။

| | |
|---|---|
| ဖုန်းနံပတ် | - ၀၇၀ - ၂၂၂၀၄, ၀၇၀ - ၂၂၃၅၇ |
| Email | - chinbudget.dept@gmail.com |

## ကျမ်းကိုးစာရင်း


၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ

၂။ ၂၀၁၈ – ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေ

၃။ ၂၀၁၈ – ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

၄။ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီးဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း
http://mopf.gov.mm/my/page/ministry/2176

၅။ Renaissance Institute ၏ ဘတ်ဂျက်လုပ်ငန်းစဉ်တွင် အားလုံးပါဝင်ခွင့်ရစေမည့် ပြုပြင်ပြောင်းလဲမှုများ
https://rimyanmar.org/sites/rimyanmar.org/files/publication_docs/participatory_budgeting_policy_brief_ - _884_kb_1.pdf

၆။ Renaissance Institute နှင့် The Asia Foundation တို့မှ ထုတ်ဝေသော တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ရသုံး ခန့်မှန်းခြေဆိုင်ရာ အချက်အလက်စာစောင်များ

RENAISSANCE
INSTITUTE

ချင်းပြည်နယ်အစိုးရ၏ ကြီးကြပ်မှုဖြင့် ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့်
Renaissance Institute က ပူးပေါင်းထုတ်ဝေပါသည်။